WWW.DHAMMARANSI.COM

လက်ရွေးစင် ဓမ္မပဒ ဝတ္ထုတော်

# ဒေါသမာနဝတ္ထုများ

၁။ ကောသမ္ဗီရဟန်းများဝတ္ထု။
၂။ ပလလဲဆင်မင်းဝတ္ထု။
၃။ ဒီဃာဝုသတို့သား။
၄။ တိဿရဟန်းဝတ္ထု
၅။ ရောဟိနီမင်းသမီးဝတ္ထု။
၆။ ဒေါသချုပ်တည်းနတ်သမီးဝတ္ထု။
၇။ ဆွေတော်မျိုးတော်တို့ရေလှူသော ဝတ္ထု။
၈။ ဝိဋ္ဋူပဝတ္ထု။
၉။ ဗန္ဓုလစစ်သူကြီးနှင့်မလ္လိကာဝတ္ထု။

ဝိစဋ္ဌိ ရေးသားသည်
သက်သာ အမှတ်စဉ် ၆ စာစဉ်

WWW.DHAMMARANSI.COM

လောကုတ္တရာအကျိုး

(လက်ရွေးစင်) **ဓမ္မပဒ** (ဝတ္ထုတော်)

## ပုဗ္ဗစာပေ ဖတ်ရှုလေ့တိုင်း ရမြဲမသွေ ကောင်းမှုတွေကား

၁။ ရတနာသုံးပါး၌ အတိုင်းမသိ ကိုင်းရှိုင်းရိုသေခြင်း။

၂။ သဒ္ဓါတရား ကြီးထွားခြင်း။

၃။ သတိအားကောင်းခြင်း။

၄။ ပညာဉာဏ်ပြန့်ပြောခြင်း။

၅။ ကောင်းမှုတိုးပွားခြင်း။

၆။ ပီတိပါမောဇ္ဇအားကြီးခြင်း။

၇။ အကြောက်အလန့်ကင်းစင်ခြင်း။

၈။ ဆင်းရဲကို ခံနိုင်ရည်ရှိခြင်း။

၉။ လူ့သဘာဝ စရိုက်ဆိုးများဖယ်ပျောက်၍ စရိုက်ကောင်းများ ဖော်ဆောင်နိုင်ခြင်း။

၁၀။ ဖတ်ရှုနေစဉ်အတွင်း ရတနာသုံးပါးအာရုံဖြင့် တမဟုတ်မျှကင်း၊ ကွာမှု မရှိခြင်း

၁၁။ ထိုထိုသော ပုဂ္ဂိုလ်ထူးတို့ ရရှိအပ်သော ဒါနအကျိုး သီလအကျိုး ဘာဝနာအကျိုးတို့ကို ရရှိခံစားလိုသော စိတ်ဓာတ်များဖြစ်ပေါ်လာပြီး၊ မကောင်းမှုများကို ကြဉ်ရှောင်၊ ကောင်းမှု ကောင်းကျိုးကို ဆောင်လိုစိတ်များပေါ်ပေါက်ခြင်း။

၁၂။ ထိုထိုပုဂ္ဂိုလ်တို့ကဲ့သို့ကျင့်ကြံလိုစိတ်ပွားများလာပြီး၊ သံသရာလည်မှု၊ နိဗ္ဗာန်စခန်းသို့ ရည်သန်ကျင့်ကြံလိုသောသဒ္ဓါတရားပေါ်လာနိုင်ခြင်း။

**ဝိသုဒ္ဓိမဂ်အဋ္ဌကထာပဏ္ဍမှ**

WWW.DHAMMARANSI.COM

လက်ရွေးစင် **ဗမာ့** ဝတ္တုတော်

**လောကုတ္တရာအတွက်**

လူ နတ် နိဗ္ဗာန် ဆုံးတန်ချမ်းသာရရှိနိုင်ကြစေရေး၊

**လောကီရေးတွင်**


| | |
|---|---|
| စာဖတ်ရှိန်နှုန်း | မြင့်မားလာကြစေရေး |
| စာဖတ်လိုစိတ် | ပွားများလာရေး |
| ကိုယ်ကျင့်တရား | တိုးတက်စေရေး |
| ထကြွလုံ့လ | ရှိကြစေရေး |
| မိမိကိုယ်ကို | အားကိုးစိတ်တိုးပွားရေး |
| စိတ်ဓာတ် | ကြံ့ခိုင်စေရေး |
| လူကိုလူချင်း | ခွင့်လွှတ်သီးခံနိုင်ရေး |
| လူသားချင်းချင်း | ဝမတ္တာတရားထားရှိနိုင်ရေး |
| အတွေးအခေါ် | တိုးတက်ကောင်းမွန်ရေး |
| ဗဟုသုတ | တိုးပွားစေရေး |

စသည့် လောကီ—လောကုတ္တရာအကျိုး နှစ်ပါးအတွက် ရည်ရွယ်ချက်ဖြင့် ထုတ်ဝေပါသည်။

WWW.DHAMMARANSI.COM

ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု

နိုင်ငံတော်၏ အဓိကအင်အားစုကြီးများဖြစ်ကြသည့်
အလုပ်သမား တောင်သူလယ်သမားများနှင့်
ကျောင်းသားလူငယ်
တိုင်းရင်းသား လုပ်သားပြည်သူတို့
ဖတ်ရှုနိုင်ရန်
အလွယ်ဆုံး—အရှင်းဆုံး
ချုံးနှုန်း အသက်သာဆုံးဖြင့်
ကြည်ညို သဒ္ဓါ ပွားများကြစေရန်
ရည်သန်ထုတ်ဝေပါသည်။



WWW.DHAMMARANSI.COM

သက်သာစာစဉ် အမှတ် ၆

# ဒေါသ–မာနဝတ္ထုများ

လက်ရွေးစင် **ဓမ္မပဒ** ဝတ္ထုတော်

ဤကောင်းမှုကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် လျှင်မြန်ထိုးဖောက် သိမြင်၍ နိဗ္ဗာန်ပြည်မြတ်သို့ ကူးခမြောက်နိုင်ပါစေသတည်း။

ဦးလှခင် (ဆန်းညွန့်ဦး) စီစဉ်ရေးသားသည်

တအုပ် ၃/-
သက်သာ စာစဉ်

1 ဆန်းညွန့်ဦး–၄၃/၃

WWW.DHAMMARANSI.COM

စာသားရေးခွင့်ပြုချက်အမှတ် ၁၀၅၅
မျက်နှာဖုံးနှင့်
အတွင်းပုံများ ခွင့်ပြုချက်အမှတ် ၆၁
ပထမအကြိမ် ၁၉၈၁ ခုဇွန်လ၊
အုပ်ရေ ၃၅၀၀ ဈေးနှုန်း ၃ ကျပ်

## ဝန္ဒနာနှင့် ဆုပန်လွှာ

### ပဥ္စဂုဏ် အဟံဝန္ဒာမိ သမ္ဗုဒ္ဓ

သုံးပါးရတနာ၊ မြတ်ဆရာနှင့်၊ နှစ်ဖြာမိဘ များလှ
ကျေးဇူး၊ ဂုဏ်အထူးကို ကြည်နူးသဒ္ဓါ ဝန္ဒနာဖြင့်၊
ဦးစွာရိုကျိုး ကျွန်ရှိခိုး၏။
ထို့ပြင်တဝ ဖတ်ရ၊ မှတ်ရ၊ ကြားနာရသည့်
သုတဖြာဖြာ၊ ဆည်းပူးရာသား၊ ဆရာများပါ ဝတ်
တွားဝန္ဒနာရှိခိုးကာလျှင်၊ ဤစာကျမ်းမြတ် ပြုစုအပ်
သည်၊ နိဗ္ဗာန်ပြည်မြတ်၊ ရည်သတည်း။

ထုတ်ဝေသူ။ ။ ဦးထွန်းဖြူ (ခ) ဦးထွန်းဇော် ဇော်ဘာပေ
[၀၁၀၅၃မြဲ] ၂၁၀-၃၂ လမ်း၊ ရန်ကုန်မြို့

ပုံနှိပ်သူ ။ ။ ဦးလှခင် ဆန်းညွန့်ဦးပုံနှိပ်တိုက် (၀၁၀၂၀မြဲ)
အမှတ် ၁၃၅၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။

WWW.DHAMMARANSI.COM

## ဤဓမ္မပဒ လက်ရွေးစင်များကို

ဖတ်လည်း ဖတ်ကြပါ
မှတ်လည်း မှတ်ကြပါ
ဖတ် မှတ်ပြီး လိုက်နာကျင့်သုံးပါ
ယခုဘဝအတွက်လည်း ကောင်းသည်
တမလွန်အတွက်လည်းကောင်းသည်။

**မိမိဖတ်ပြီးလျှင်-**

မိဘဘိုးဘွား၊ သက်ကြီး ရွယ်အိုတို့ကို ဖတ်ပြပါ
သားသမီးတို့အား ဖတ်ရန်တိုက်တွန်းပါ
တဆင့်ပြောပြောခြင်းဖြင့် ကုသိုလ်ယူကြပါ
တအုပ်တတ်နိုင်တတ်နိုင် ဝယ်ယူလှူဒါန်းပါ
မိတ်ဆွေများအား ဖတ်ရန်တိုက်တွန်းခြင်းဖြင့် ကုသိုလ်ယူကြပါ။

WWW.DHAMMARANSI.COM

ဓမ္မပဒလက်ရွေးစင် ဝတ္ထုများအမှတ်(၆)

# ဒေါသမာနဝတ္ထုများ

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

မြတ်စွာဘုရားရှင် ၄၅ ဝါ အတွင်းဖြစ်ပျက်ခဲ့ကြသော အဖြစ်အပျက်များအနက်မှ ဒေါသနှင့် မာန ကြောင့် ဒုက္ခရောက်ကြရပုံ၊ ဒေါသနှင့် မာနထိန်းသိမ်းနိုင်၍ ကောင်းကျိုးသုခခံစားရပုံများကို ဖော်ပြထားပါသည်။

ဤဒေါသမာနဝတ္ထုများ၏ အဖြစ်အပျက်များသည် အလွန်ထင်ရှားကြီးကျယ်သော အဖြစ်အပျက်များသာဖြစ်ပေသည်။

ကောသမ္ဗီရဟန်းများကွဲ ပြားမှုမှစ၍၊ ပါလိလေယျက ဆင်မင်းဇာတ်နှင့် ဒီဃာဝုဇာတ်တော်များ။

ပတ္တမြားပျောက်မှုတွင် ဒေါသကို မထိန်းနိုင်ပဲ ရဟန္တာအရှင်မြတ်ကို နှိပ်စက်သောဝတ္ထု၊

ရောဟိနီမင်းသမီး၏ ရှေးဘဝက ဒေါသနှင့် မာနကို မချုပ်ပြည်းနိုင်၍ ပြုခဲ့သော ဝဋ်ကြွေးအတိတ်ဇာတ်။

ဒေါသကို ထိန်းသိမ်းနိုင်သော နတ်သမီးဝတ္ထု။

ဆွေတော်မျိုးတော်တို့ရေလုပွဲ။

သာကီဝင်တို့မာနနှင့် ဝိဋ္ဋူဘ၏ ဒေါသတို့ကြောင့် အမျိုးပါပြုတ်ရပုံ။

စသည့်အလွန်နက်နဲသော ဗဟုသုတဖြစ်ဖွယ်များနှင့် ကုသိုလ်တရားကို ရှာကြံယူတော်မူကြပါကုန်။

WWW.DHAMMARANSI.COM



WWW.DHAMMARANSI.COM

# ချစ်စကိုရှည်ပါစေ၊ ရန်စကိုတိုပါစေ

# ကောသမ္ဗိရဟန်းတို့ ဝတ္ထု

## (ဒီဃာဝုသတို့သား နောက်ကြောင်းပြန်ဇာတ်)

လူမိုက်တို့သည် သေခြင်းတရားကို မသိကြ၍၊
ခိုက်ရန်ငြင်းခုံခြင်း၌ မပြေငြိမ်းနိုင်ကြ။
ပညာရှိတို့သည် သေခြင်းတရားကို သိကြ၍၊
ခိုက်ရန်ငြင်းခုံမှုတို့တွင် ပြေငြိမ်းနိုင်ကြကုန်၏။

ဤဒေသနာတော်ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ကောသမ္ဗိရဟန်းတို့ကို အကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

ကောသမ္ဗီပြည် ဃောသကသဌေး ဆောက်လုပ် လှူဒါန်းသော ဃောသိကာရုံကျောင်း၌ ဝိနယဓရ ဝိနည်းဓိုရ် ရဟန်းတပါး ခေါင်းဆောင်သော ရဟန်းငါးရာတို့ရှိ၏။

တနေ့တွင် ဓမ္မကထိကရဟန်းသည် ကုဋိ၌ ကိုယ်လက်သုတ်သင်ပြီး ရေအိုး၌ သန့်သက်ရေကြွင်းကို ခွက်ထဲ၌ထားပြီး ထွက်သွားလေ၏။

နောက်မှ ဝိနည်းဓိုရ်ရဟန်းသည် ရေအိမ်တွင်းသို့ဝင်ရာ ရေကြွင်းကိုမြင်၍ ထွက်လာပြီးလျှင် ဓမ္မကထိကရဟန်းအား-

"ငါ့ရှင်....သင်သည် ရေကြွင်းကိုထားခဲ့သလော"ဟု မေး၏။

"ကြွင်-ဟုတ်ပေ၏"ဟု ဝန်ခံ၏။

WWW.DHAMMARANSI.COM



"ဤသို့ထားလျှင် အာပတ်သင့်သည်ကို မသိသလော"
"ဩဝုသ်-ငါ့ရှင် မသိပါ"ဟု ဖြေ၏။
"ဤသို့ပြုလျှင် အာပတ်သင့်ပေသည်"
"အာပတ်သင့်လျှင် အာပတ်ကို ကုစားပါမည်"
"ငါ့ရှင်-လွန်ကျူးလိုသော စိတ်ကူမစေတနာမရှိပဲနှင့်လည်းကောင်း၊ သတိမေ့ခြင်းကြောင့်လည်းကောင်း ပြုမိသောအရာ၌ အာပတ်မသင့်ဟု အယူရှိ၏"ဟု ဆို၏။

## နှစ်ဘက်ကွဲပြား ပဋိပက္ခဖြစ်ကြခြင်း

ထိုနေ့ပင်လျှင်ဝိနည်းဓိုရ်ရဟန်းကတပည့်ရဟန်းတို့အား"ဓမ္မကထိကရဟန်းသည် အာပတ်သင့်သည်ကိုမျှမသိ"ဟု ပြော၏။

ဝိနည်းဓိုရ်ရဟန်း၏တပည့်တို့က ဓမ္မကထိက၏ တပည့်ရဟန်းတို့အား ပျက်ရယ်ပြုကြ၏။ ဓမ္မကထိကရဟန်း၏တပည့်တို့က မိမိတို့ဆရာအား ပြောကြားရာ၊ဓမ္မကထိက ရဟန်းကလည်း ဝိနည်းဓိုရ်ရဟန်းသည် ယခင်က အာပတ်မသင့်ဟု ဆိုပြီးမှ ယခုတဖန် အာပတ်သင့်ပြန်သည်ဟု ဆိုပြန်၏။ လိမ်လည် လှည့်ဖျားသော စကားကို ပြောဆိုသည်ဟု မိမိ၏ တပည့်များကို ပြောပြန်၏။ တပည့်အချင်းချင်း ကွဲပြားကြလေ၏။

ဝိနည်းဓိုရ်ရဟန်းသည်ဓမ္မကထိကရဟန်းအပေါ်အခွင့်သာပြီး ဓမ္မကထိကရဟန်းအား နှင်ထုတ်ခြင်း ဥက္ခေပနီယကံကိုပြုလေ၏။

ဓမ္မကထိက၏ တပည့်ရဟန်းတို့ကလည်း တရားနှင့်မလျော်သော နှင်ထုတ်ခြင်းဖြစ်၍ မထွက်၊ တဘက်မှလည်း အတင်းနှင်ဖြင့် နှစ်ဘက်ကွဲပြားကြကုန်၏။

### မြတ်စွာဘုရားပင် လက်လျှော့ရခြင်း

ဤအကြောင်းကို မြတ်စွာဘုရားကြားလျှင် သင့်တင်ညီညွတ်ရန် နှစ်ကြိမ်တိုင်စေလွှတ်၍ မိန့်တော်မူသော်လည်း မရ၊ သုံးကြိမ်မြောက်၌ ကိုယ်တော်တိုင်ကြွသွား၍ ပညတ်သင့်သည်ကိုပညတ်ပေး၍ ညီညွတ်စေပြန်၏။

နောက်တဖန် ခိုက်ရန်ဖြစ်ပွား အငြင်းပွားနေဆဲဟု ကြားတော်မူပြန်၍ ကိုယ်တော်တိုင် ကြွသွားပြန်ပြီး ခိုက်ရန်ဖြစ်ပွားခြင်းကြောင့် ဆင်ပြောင်၏အသက်ကို ဆုံးရှုံးစေသော နှံစုပ်ငှက်မ၏ဇာတ်ကိုလည်းကောင်း၊ ငြင်းခုံကွဲပြားခြင်းကြောင့် များစွာသော ငုံးငှက်တို့ အသက်ကုန်ရသော ငုံးမင်း ဇာတ်ကိုလည်းကောင်း ဟောတော်မူ၏။

သို့တိုင်အောင် မနာယူကြသဖြင့် မြတ်စွာဘုရားသခင်သည် "ဒီဃိတိကောသလမင်းကြီး" ဝတ္ထု၊ ဒီဃာဝုသတို့သား ဇာတ်ကို ဟောတော်မူပြန်၏။

## ဒီဃိတိကောသလမင်းကြီးဝတ္ထု

# ဒီဃာဝုသတို့သားဇာတ်

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ္တမည်သော ကာသိကရာဇ်မင်းသည် အင်အားကြီးမားစွာရှိ၏။

ကောသလတိုင်း၌လည်း ဒီဃိတိကောသလမင်းသည် စိုးစံ၏။ ကာသိကရာဇ်မင်းက စစ်အင်္ဂါလေးပါးနှင့် စစ်ထိုးရန်လာသည်ဟု သတင်းကြားရကတည်းက အင်အားချင်းမမျှသည်ကို

WWW.DHAMMARANSI.COM



WWW.DHAMMARANSI.COM



သိ၍ စောစောကပင် မိဖုရားကြီးနှင့်တကွ မြို့မှထွက်ကြွဘော်မူခဲ့ပြီး၊ ကာသိကမင်းနိုင်ငံ ဗာရာဏသီပြည်၏ ပြည်စွန်ပြည်ဖျားအိုးထိန်းသည်၏အိမ်၌ မထင်မရှားသောအသွင်ဖြင့် နေရလေ၏။

မိဖုရားကြီး ချဉ်ခြင်းတပ်ပုံ

မကြာမီပင် ဒီဃီတိ ကောသလမင်းကြီး၏ မိဖုရားကြီး၌ ကိုယ်ဝန်တည်၍ ချဉ်ခြင်းဖြစ်လာ၏။ (၁) နေထွက်သောကာလစစ်ဝတ်စုံဖြင့် စစ်အင်္ဂါလေးပါးကို ကြည့်ရှုလိုခြင်း၊ (၂) သန်လျက်ဆေးသောရေကို သောက်လိုခြင်း စသည်တို့ဖြစ်၏။

မိဖုရားကြီးသည် မိမိ၏ချဉ်ခြင်းကို မင်းကြီးအား လျှောက်ကြား၏။

ထိုအခါ ဒီဃီတိကောသလမင်းကြီး၏ ချစ်လှသောမိတ်ဆွေဖြစ်သော ဗြဟ္မဒတ္တပုဏ္ဏားသည် ကာသိကမင်း၏ ပုရောဟိတ်မင်းဆရာဖြစ်နေ၏။ မင်းကြီးသည် မိမိ၏မိတ်ဆွေ ပုရောဟိတ်ပုဏ္ဏားအထံသို့ တိတ်တဆိတ်သွား၍ အခက်အခဲကို ကူညီရန် တောင်းပန်၏။ ပုရောဟိတ်ပုဏ္ဏားက အရှင်မင်းကြီး....ထိုသို့ဆိုလျှင် မိဖုရားကို အကျွန်ုပ် ရှေးဦးစွာ ကြည့်ရှုလိုပါသည်ဟု ပြောပြီး၊ မိဖုရားကို မထင်မရှားအသွင်ဖြင့် ခေါ်သွား၍၊ ပုဏ္ဏားအိမ်အနီးသို့ ရောက်သည့်ကာလ ပုရောဟိတ်ပုဏ္ဏားသည် အဝေးမှလာသောမိဖုရားကိုမြင်လျှင် နေရာမှထ၍ လက်ဝဲပခုံး၌ ကိုယ်ဝတ်ကိုတင်လျက် မိဖုရားကြီးကို ရှိခိုးပြီး–

"ဤသူငယ်သည် ကောသလတိုင်းကြီးရှင် ဘုရင် ဖြစ်လေစွတကား"

"ဤသူငယ်သည် ကောသလတိုင်းကြီးရှင် ဘုရင် ဖြစ်လေစွတကား"

WWW.DHAMMARANSI.COM



"ဤသူငယ်သည် ကောသလတိုင်းကြီးရှင် ဘုရင် ဖြစ်လေစ္တကား"

ဟု သုံးကြိမ်တိုင်တိုင်ကျူးရင့်ပြီး မိဖုရားကြီးအား ချဉ်ခြင်းအလို ပြည့်စေမည်ဟု ကတိခံပြီး ကောသလပြည့်ရှင် ဗြဟ္မဒတ္တဘုရင်ကြီးအား တခုသောဥပါယ်ဖြင့်- "နံနက်မိုးသောက် နေထွက်ချိန်တွင် စစ်အင်္ဂါလေးပါးကို ဆင်ယင်လျက် သန်လျက်ကို ရွေးချေးပါလော့"ဟု လျှောက်ထား၏၊ ဗြဟ္မဒတ္တမင်းလည်း ပုရောဟိတ်ပုဏ္ဏား လျှောက်တင်တိုင်းပြု၏။ မိဖုရားသည် နေထွက်ကာလ စစ်အင်္ဂါလေးပါး ဆင်ယင်သည်ကို ရှုမြင်လျက် သန်လျက်ရေကို သောက်သုံးပြီးသည်နှင့် ချဉ်ခြင်းလည်း ပြေပျောက်သွားလေသတည်း။

## ဒီဃာဝုမင်းသား ဖွားမြင်ခြင်း

မကြာမီ သားတော်ကလေးကို ဖွားမြင်၍ "ဒီဃာဝု" ဟူ၍ အမည်ပေးထား၏။ ဒီဃာဝုမင်းသားသည် သိကြားလိမ္မာသောအရွယ်သို့ ရောက်သည့်ကာလ ဒီဃီတိ ကောသလမင်းကြီးက စဉ်းစားဘော်မူသည်မှာ ဗြဟ္မဒတ္တကာသိကမင်းသည် ငါတို့၏ ထီးနန်းစည်းစိမ်ကို လုယူခဲ့လေသည်။ ငါတို့ကိုတွေ့လျှင် သုံးယောက်စလုံး အဆုံးစီရင်မည်သာ ဖြစ်၏။ သို့ဖြစ်၍ သားငယ် ဒီဃာဝုကို အခြားတနေရာသို့ပို့ဆောင်၍ အလုံးစုံသောအတတ်တို့ကို လေ့ကျင့်စေ၏။

## ဆတ္တာသည်ဟောင်း စနက်ကြောင့်

နှစ်ပေါင်း နှစ်ဆယ်ခန့်မျှ ဘေးရန်ကင်းရှင်းစွာ နေခဲ့ရပြီးနောက်၊ ဒီဃီတိကောသလမင်း၏ ဆတ္တာသည် ဟောင်းသည် ကာသိကမင်းထံအမှုထမ်းနေရာမှ ရွာစွန်ရွာဖျားအိုးထိန်းသည်

WWW.DHAMMARANSI.COM



များ၏နေရာ၌ ကောသလမင်းနှင့်မိဖုရားကို မထင်မရှားအသွင်ဖြင့်နေထိုင်သည်ကို မျက်ဝါးထင်ထင် တွေ့မြင်ရပြီး ပြဟ္မဒတ်မင်းအား လျှောက်ထားလေ၏။ "အရှင်မင်းမြတ် ရန်သူတော်ကာသိကမင်းနှင့် မိဖုရားဟောင်းတို့သည် အိုးထိန်းသည်တို့အရပ်၌ မထင်မရှားအသွင်ဖြင့် အရှင်မင်းမြတ်၏နိုင်ငံပိုင်နက်အတွင်းမှာနေထိုင်ကြကြောင်း" လျှောက်တင်လေ၏။ ဗာရာဏသီမင်းလည်း မိဖုရားနှင့်တကွ ဒီဃီတိကောသလမင်းအားတုတ်နှောင်ဖမ်းဆီးစေ၏။

ထို့နောက် မင်းနှင့်မိဖုရားနှစ်ပါးအား လက်ပြန်ကြိုးတည်း၍ ဦးခေါင်းကိုသင်ဓုန်းဓားဖြင့်ရိတ်ပြီး လမ်းဆုံလမ်းမ တစုမှတခုသို့ ရိုက်နှက်ယူဆောင် လှည့်လည်လျက် တောင်တံခါးဖြင့်ထွက်ပြီး မင်းနှင့်မိဖုရားနှစ်ပါးတို့အား လေးမြွာလေးစိတ် ဖြတ်ပိုင်းခွဲစိတ်ပြီး လေးမျက်နှာတို့၌ စွန့်ပစ်ကြကုန်လောဟု အမိန့်ချမှတ်လိုက်လေသည်။

## ဒီဃာဝုမင်းသားအား ဆုံးမခြင်း

ဒီဃာဝုမင်းသားသည် မိခင်ဖခင်တို့ကို မဖူးမြင်ရသည်မှာကြာပြီဖြစ်၍ ဖူးမြင်အံ့သောငှာ ဗာရာဏသီမြို့တွင်းသို့လာ၏။

လမ်းသုံးလမ်းခွတွင် ကြမ်းတမ်းသော စည်သံကြား၍ လှမ်းမျှော်ကြည့်မိလျှင် လူအများတို့ ဝိုင်းအုံကြည့်နေသည့်အရာကို မထင်မရှားမြင်လေရာ အဘယ်အရာဟု သေချာစွာ သိစေရန် လူအုပ်အတွင်းသို့ဝင်ရောက်ကြည့်ရှုလေလျှင် မိဘနှစ်ပါးတို့အား လက်ပြန်ကြိုးတုပ်လျက် ဦးခေါင်းကိုရိတ်ပြီး ရိုက်နှက်ဆွဲခေါ်သွားသည်ကို မြင်ရသည့်အခါ ပူပင်သောက ယူကြုံးမရ၊ ဒုက္ခဆင်းရဲ၊ ကြေကွဲသော နှလုံးသားဖြင့် မျက်ရည်များ ကျကာ

WWW.DHAMMARANSI.COM



အံကိုကြိတ်၍ နေသည်ကို လူအုပ်များ အကြားမှ ဒီဃာတ ကောသလမင်းမြင်လေသော် ဒီဃာဝုမင်းသားအား ဆုံးမလို၍

မာခေါ တွံ တာတ ဒီဃာဝု၊ ဒီဃံ ပဿ မာရဿံ။
န ဟိ တာတ ဒီဃာဝု ဝေရေန ဝေရာ သမ္မန္တိ။
အဝေရေန ဟိ တာတ ဒီဃာဝု ဝေရာ သမ္မန္တိ။

"ချစ်သား ဒီဃာဝု၊ ငါ့ဖခင်စကားကို နားစိုက်ပါလော့"

အရှည်ကိုလည်းမကြည့်လင့်၊ အတိုကိုလည်း မကြည့်လင့်။

"ချစ်သား ဒီဃာဝု၊ ချစ်ခင်လျက်ရှိသော မိတ်ကို မတိုပါစေနှင့်"

"ချစ်သား ဒီဃာဝု၊ ရန်တုန့်မူသဖြင့် ရန်သည်ငြိမ်း ပျောက်ခြင်းမရှိနိုင်"

"ချစ်သား ဒီဃာဝု၊ ရန်တုန့်မမူခြင်းသာလျှင် ရန်တို့သည် ငြိမ်းပျောက်၏"

ဟူ၍ မှာကြားလေသည်။ ဒီဃာဝုသည် ဖခင်၏စကားကို ကြားရလျှင် အံကြိတ်သည်ကိုဖြေလျော့၍ လူအုပ်ကြားမှ ထွက်ခွာသွားလေ၏။

အကြောင်းစုံကိုမသိသောသူတို့က ဤမင်းကြီးသည် သေရမည်ကိုကြောက်၍ ယောင်ယမ်းပြောဆိုကြလေသည်ဟု ဆိုကြကုန်သည်ရှိသော် ဒီဃီတိကောသလမင်းက....

"အို-အချင်းတို့၊ ငါသည်သေခါနီး၍ မြည်တမ်း ယောင်ထမ်းသည်မဟုတ်၊ ဤကြည့်ရှုနေသူတို့အကြားတွင် ပညာသတိ

WWW.DHAMMARANSI.COM



ရှသူ ထန်းသာယောက်ရှိခဲ့လျှင် ငါဆိုအပ်သော စကားကို ထင်ထင်ရှားရှား သိပေလိမ့်မည်”ဟုပြောဆို၏။

မင်းချင်းတို့လည်း မင်းမိဖုရားနှစ်ပါးကို လမ်းဆုံ လမ်းခွ တခုမှတခုသို့ ယူဆောင်လျက်တောင်တံခါးမှထုတ်၍ မင်းမိဖုရား နှစ်ပါးတို့ကို သတ်ဖြတ်ခုတ်ပိုင်းပြီး လေးပုံပုံလျက် အရပ်လေး မျက်နှာတို့၌ အစောင့်အရှောက်နှင့်ထားလေ၏။

## ဗြဟ္မဒတ်မင်း ညည်းညူခြင်း

ဒီဃာဝုမင်းသားသည် ဗာရာဏသီမြို့တွင်းသို့ ဝင်ရောက်၍ အရက်သေစာတို့ကို ဝယ်ယူပြီးလျှင် ပိုင်းဖြတ်ထားသော အ လောင်းတို့ကိုစောင့်သည့် အစောင့်တို့အားမိတ်ဖွဲ့၍ အရက်ကို မူးအောင်တိုက်ပြီး မိဘနှစ်ပါးတို့၏ အသားဆိုင်အသားစုတို့ကို ပုံပြီးလျှင် မီးရှို့၍ လက်ျာရစ် သုံးကြိမ်ရှိခိုးလျက် နေ၏။ ဗြဟ္မဒတ္တမင်းသည် အထက်ပြာသာဒ်မှ မြို့ပြင်သို့ လှမ်းကြည့်သော် မီးပုံကိုလက်ျာရစ်လှည့်ပြီး ရှိခိုးနေသောသူကိုမြင်၍ ဤသူသည် ဒီဃီတိကောသလမင်း၏သားရင်းသာလျှင်ဖြစ်ပေမည်။ ငါ့အား အဘယ်သူ တယောက်မျှ သားရှိကြောင်းကို မပြောကြားပါ တကားဟု စဉ်းစားဆင်ခြင်တော်မူ၏။

## ဒီဃာဝုမင်းသား နန်းတော်သို့ဝင်ရောက်ခြင်း

ဒီဃာဝုမင်းသားသည် တောတွင်းသို့သွား၍ လူမကြား အောင် အားရပါးရငိုပြီးနောက် မျက်ရည်တို့ကိုသုတ်၍ မြို့တွင်း ရှိ ဆင်တင်းကုတ်သို့သွား၏၊ ဆင်ထိန်းအားကျွန်ုပ်သည် ဆင် ပညာကိုလိုလားပါသည်ဟုပြော၏၊ဆင်ဆရာကသင်ကြားလော့ ဟု ခွင့်ပြု၏။

WWW.DHAMMARANSI.COM



ဒီဃာဝုမင်းသားသည် ဆင်တင်းကုတ်၌နေယင်း တနေ့သော နံနက်မိုးလင်းခါနီးအချိန်တွင် 'စောင်းကိုတီး၍သီချင်းဆို'လေ၏။ ဗြဟ္မဒတ္တမင်းလည်း နံနက်ခင်းတွင်မင်္ဂလာရှိသော သာယာကြည်နူးဖွယ် အသံကိုကြားရသဖြင့် များစွာ ရှင်လန်းဝမ်းမြောက်မှုသည်နှင့် ဤသီချင်းနှင့်စောင်းသံသည် မည်သူ၏ အသံနည်းဟု မေး၏။ ဆင်ထိန်းအိမ်မှတပည့်တဦး၏ သီချင်းသံနှင့် စောင်းသံဖြစ်ပါသည်ဟုဆိုသဖြင့် စောင်းရှင်ကို ခေါ်စေ၏။ ဒီဃာဝုမင်းသားကိုမြင်လျှင် များစွာ ခင်မင်နှစ်သက်ခြင်းဖြစ်၍ ငါ၏နန်းတွင်း၌နေပြီး စောင်းဖြင့် ဖျော်ဖြေလော့ဟု အမိန့်ချမှတ်၏။



WWW.DHAMMARANSI.COM



ဒီဃာဝုမင်းသားလည်း မင်းကြီးအလိုကြအောင် မနားမနေကြိုးစားသဖြင့် များစွာချစ်ခင်ပြီး အဘွင်းဘော်၌ခစားစေ၏။

မိဘစကားနားထောင်သူ

တနေ့တွင် မင်းကြီးတောကစားထွက်ရန် ဒီဃာဝုမင်းသားအား ရထားကိုပြင်စေ၏။ စစ်သည်တော်ကိုလည်း အသင့်ပြင်ဆင်ကြ၏။ မင်းကြီးသည် ဒီဃာဝုမင်းသားအား ရထားကိုမောင်းစေ၏၊ ဒီဃာဝုမင်းသားလည်း ရထားကို အမြင်းနှင်လေသော် စစ်သည်တော်တို့လိုက်မမှီပဲ မျက်ချည်ပြတ်၍သွားကြ၏။

တောတွင်းသို့ရောက်လျှင် မင်းကြီးက ဒီဃာဝုအား ရထားကို ရပ်စေ၏။ ဒီဃာဝုလည်းရထားကိုချွတ်၍ သစ်ပင်ရင်း၌ထိုင်နေစဉ် မင်းကြီးက "ငါပင်ပန်းလှသည်၊ တရေးအိပ်မည်"ဟု ဆိုကာ ဒီဃာဝုပေါင်ပေါ်၌ ခေါင်းအုံးပြုကာလဲလျောင်းယင်း အိပ်ပျော်သွား၏။

ဒီဃာဝုသည် အိပ်ပျော်နေသောမင်းကြီးကို စေ့စေ့ကြည့်လျက် ဤမင်းကြီးသည် ငါတို့၏ မင်းစည်းစိမ်နှင့်တကွသောတိုင်းပြည်ကိုပါ လုယူသိမ်းပိုက်၍ ငါ၏မိဘနှစ်ပါးကို ရက်ရက်စက်စက် ရိုက်နှက်၍ အပိုင်းပိုင်းဖြတ်သတ်ခဲ့သည်။ ယခုမင်းကြီးသည် ငါ၏လက်တွင်းမှ အဘယ်သို့လွတ်နိုင်အံ့နည်း။ "ငါအခွင့်ကြုံလေပြီ"ဟု သန်လျက်အိမ်မှ သန်လျက်ကိုဆွဲထုတ်၍ မင်းကြီး၏ ဦးခေါင်းကို ဖြတ်အံ့ဟု ချိန်ရွယ်လိုက်သည်နှင့်တပြိုင်နက်ခမည်းတော် ဒီဃိတိကောသလမင်းကြီး၏အသံသည် လေမှ ပျံ့လွင့်ကာ နားထဲတွင် ကြားယောင်လာတော့သည်။

"အို-ချစ်သား ဒီဃာဝု...."

"ရန်ကိုရန်ခြင်း မတုန့်နှင်းလေနှင့်"

WWW.DHAMMARANSI.COM




"ရန်ဟူသည်မှာ ရန်တုန့်မှုခြင်းဖြင့် ရန်မပြေငြိမ်းနိုင်"
"ရန်မလိုမှ ရန်ပြိုသည်၊ ရန်လိုလျှင် ရန်ပိုတတ်သည်"
"ချစ်စကိုရှည်စေ၍ မုန်းစကိုတိုစေလော့"

လျှပ်တပြက်အတွင်းပင် ခမည်းတော်၏သတိပေးသံကို နားဝမှာ ပြန်ကြားရသဖြင့် သတိတရားရပြီး "ငါသည်ဗြဟ္မဒတ္တမင်းကိုသတ်မိခဲ့ချေအံ့၊ ခမည်းတော်၏စကားကို ပယ်လှန်ရာကျချေတော့မည်"ဟု သံလျက်ကိုအိမ်သို့ ပြန်သွင်း၏၊ ဤသို့လျှင် သုံးခါသုံးကြိမ်တိုင်ဖြစ်သတည်း။

WWW.DHAMMARANSI.COM



ဗြဟ္မဒတ္တကာသိကမင်းကြီးသည် အလန့်တကြား အိပ်ယာမှ ထ၍ ဟိုကြည့်ဒီကြည့် ကြည့်လေသည်ရှိသော် ဒီဃာဝုမင်းသားက အရှင်မင်းကြီး အဘယ်ကြောင့် ထိတ်လန့်တကြားဖြစ်တော်မူသနည်း''ဟု မေး၏။ မင်းကြီးက ''ငါ့အား အိပ်မက်၌ ဒီဃိတိကောသလမင်းကြီး၏သားသည် ငါ့အားသံလျက်ဖြင့် ဦးခေါင်းကိုဖြတ်ချေလေသည်''ဟုအိပ်မက်မြင်မက်ခဲ့လေသည်။ထို့ကြောင့် ငါသည် ကြောက်လန့်တကြားထမိသည်ဟုပြော၏။

ထိုအခါ ဒီဃာဝုမင်းသားသည် ဘယ်လက်ဖြင့် ဗြဟ္မဒတ္တမင်းကြီး၏ ဦးခေါင်းကိုကိုင်လျက် ညာဖက်လက်ဖြင့် သန်လျက်ကို ချိန်ရွယ်ပြီး ''မင်းကြီးဒီဃိတိကောသလမင်းကြီး၏သား ဒီဃာဝု ဆိုသည်ကား ငါပင်တည်း။ ငါတို့၏မင်းစည်းစိမ်နှင့်တကွသော ပစ္စည်းဥစ္စာ ရတနာတို့ကို အသင်မင်းကြီးသည် ဖျက်ဆီးခဲ့၏။ ငါ၏ခမည်းတော် မယ်ခတော်တို့အား ရက်စက်စွာသတ်ဖြတ်ခဲ့၏။ ယခုအခါသင်မင်းကြီး၏အလှည့်သို့ရောက်ချေပြီ၊ ငါသည် သင်မင်းကြီးအား ကလဲ့စားချေကာ သင်မင်းကြီး၏လည်ကို ဖြတ်တော့အံ့''ဟု ဆို၏။

မင်းကြီးလည်း လွန်စွာထိတ်လန့် ကြောက်ရွံ့သည် ဖြစ်၍ ဒီဃာဝု၏ခြေကိုဖက်ကာ အသက်ကိုချမ်းသာပေးပါရန် သုံးကြိမ်တိုင်အောင်တောင်းပန်၏။

ထိုအခါ ဒီဃာဝု မင်းသားက '' အသင် မင်းကြီးသည် အကျွန်ုပ်၏အသက်ကို ခွင့်လွှတ်ပါက အရှင်မင်းကြီး၏ အသက်ရှင်ခြင်းကိုပေးပါမည်''ဟုဆို၏။

ထိုအခါမင်းကြီးက ''ငါသည် သင့်အား အသက်ရှည်ခြင်း

WWW.DHAMMARANSI.COM



ကိုပေးပါ၏၊ ငါ့အသက်ကိုလည်း ရှည်ပါစေလော့''ဟု နှစ်ဦးနှစ်ဖက် ကျိန်စာဆို၍ ကတိသစ္စာပြုကြလေကုန်၏။

ထိုနောက် မင်းကြီးက ''ချစ်သားဒီဃာဝု ရထားကိုပြင်လော့၊ ငါတို့သွားကြကုန်အံ့''ဟု ဆိုသဖြင့်ဒီဃာဝုမင်းသားသည် ရထားကိုပြင်၍မောင်းနှင်ပြီး ရှာဖွေနေကြသော စစ်သည်တော်များနှင့်တွေ့ဆုံပြီး နန်းတော်သို့သွားကြ၏။

## ဒီဃာဝုကို ဘယ်လိုဝိုင်းမယ်

နောက်တနေ့ ညီလာခံတွင် မင်းကြီးသည် မှူးမတ်တို့အား ''အသင်တို့သည် ငါ၏ရန်သူတော်ဖြစ်သော ဒီဃီတိကောသလမင်းကြီး၏သား ဒီဃာဝုရှိသည်ကို သင်တို့ မလျှောက်တင်ခဲ့ကြ။ ယခု ဒီဃာဝုသည် အသက်ထင်ရှား ရှိနေ၏။ အသင်တို့ ဒီဃာဝုမင်းသားကိုတွေ့လျှင် မည်သို့ပြုကြမည်နည်း''ဟုမေး၏။ မှူးမတ်တို့က မည်သို့မည်ပုံ သတ်ဖြတ်ကြမည်ကို အမျိုးမျိုးပြောကြ၏။ မင်းကြီးက ''ဤသူသည် ဒီဃာဝုတည်း''ဟု ပြသ၏။ မင်းညီလာခံတခုလုံး တုန်လှုပ်အံ့သြသွားကြ၏။ မင်းကြီးက ဒီဃာဝုသည် ငါ၏အသက်ကိုချမ်းသာပေးခဲ့၏။ ငါသည်လည်း ဒီဃာဝု၏အသက်ကိုချမ်းသာပေးခဲ့ပြီဖြစ်၏။ နှစ်ဦးစလုံးအသက်ရှည်သရွေ့ မသတ်ကြစတမ်း ကျိန်စာဆိုခဲ့ကြပြီဖြစ်၏။ သင်တို့သည် တစုံတခုမျှ ဒီဃာဝုအားပြုခြင်းငှာမရတော့ပြီဟု ပြောဆိုပြီးနောက်....

''ချစ်သားဒီဃာဝု သင်၏ဖခင်သည် သေလွန်ကာနီး ကာလ၌ ပရိသတ်အလယ်၌ ပြောသောစကားကို အသင်အဘယ်သို့ နားလည်သနည်း''ဟု မေး၏။

WWW.DHAMMARANSI.COM



''အရှင်မင်းကြီး....ရန်စကိုတိုစေ၊ချစ်စကိုရှည်စေ၊ ရန်ကို ရန်ချင်း မတုံ့နှင်းနှင့်''ဟု မှာကြားပါသည်။

အရှင်မင်းကြီးသည် အကျွန်ုပ်၏ မိခင်ဖခင်တို့ကို သတ်ဖြတ်သည်ဖြစ်၍ အကျွန်ုပ်က အရှင်မင်းကြီးကို အခွင့်သာခိုက် ပြန်လည် သတ်ဖြတ်ခဲ့သည်ဖြစ်အံ့။ အရှင်မင်းကြီးကို လိုလားသူတို့က အကျွန်ုပ်ကို တဖန်ပြန်၍ သတ်မည်ဖြစ်၏။ အကျွန်ုပ်ကို လိုလားသူတို့က ထိုသူတို့ကို တဖန်ပြန်သတ်ကြကုန်အံ့။ ဤသို့ပင် အဆက်မပြတ် အထပ်ထပ်ရန်ကို မြင်သဖြင့် ဘယ်အခါတွင်မှ ဘေးရန်ခပ်သိမ်း ငြိမ်းပျောက်သည်ရှိမည်မဟုတ်။ ယခုအခါ၌ကား အရှင်မင်းကြီးသည် အကျွန်ုပ်အား အသက်ကိုပေးသဖြင့် ဤရန်စသည် အစမရှည် တခဏဖြင့်ပင် ငြိမ်းရပါသည်။ ဤသို့ပင် အကျွန်ုပ်ဖခင် သေကာနီးကာလ၌ ဆုံးမစကား မှာကြားခြင်း ဖြစ်သည်ဟု လျှောက်ကြားသောကာလ၊ဗြဟ္မဒတ္တမင်းကြီးက-

''အို-အချင်းတို့....ဤဃာဝုမင်းသားသည် သိ,ကြား လိမ္မာ ပညာအမြော်အမြင်ကြီးလှပေ၏။ ဖခင်ဖြစ်သူက အကျဉ်းအားဖြင့် ဆုံးမစကားကို အကျယ်ဝေဖန်၍ သိလေစွတကား''ဟု ချီးမွမ်းပြီးသော် ဒီဃာဝုမင်းသားအား မိမိချစ်လှစွာသော သမီးတော်နှင့် ထိမ်းမြားပေးပြီးလျှင် သူ၏ဖခင်အမွေဖြစ်သော ထီးနန်း စည်းစိမ်ကို ပေးအပ်လေ၏။

ဗြဟ္မဒတ်မင်းကွယ်လွန်သောအခါ ဒီဃာဝုသည် ကာသိကရာဇ်နှင့် ကောသလ နှစ်ပြည်စလုံး စိုးမိုးအုပ်ချုပ် မင်းလုပ်ရလေသတည်း။

WWW.DHAMMARANSI.COM





မြတ်စွာဘုရားသခင်က ကောသမ္ဗိကရဟန်းတို့ကို ဆုံးမခြင်း

ချစ်သားရဟန်းတို့....ထိုစဉ်က မင်းနှစ်ပါးတို့သည် အချင်းချင်း စစ်ခင်း၍ သတ်ဖြတ်နှိပ်စက်ခဲ့သော်လည်း သူတော်ကောင်းတည်းဟူသော ဒီဃာတိ ကောသလမင်းကြီး၏ ဆုံးမခဲ့သောစကားဖြင့် သည်းခံကြသည်ဖြစ်၍ နှစ်ဦး နှစ်ဘက် ချစ်ကြည်လေးမြတ်လျက် ထီးနန်းစည်းစိမ်ကိုရပြီး မင်းအဖြစ်ကိုရောက်ခဲ့၏။

အသင်တို့သည် ငါဘုရားကိုယ်တိုင် သွန်သင်ဆုံးမ သြဝါဒ ဒေသနာ ဝိနည်းတရားတော်၌ သဒ္ဓါကြည်ညို၍ ရဟန်းပြုကြသူများဖြစ်ပါလျက် အဘယ်ကြောင့် သည်းခံခြင်း မပြုကြပါသနည်း၊ နှစ်ဘက်စလုံးသည် သည်းခံညီညွတ်ခြင်းဖြင့် တင့်တယ်စွာ နေထိုင်ကြကုန်လော့ဟု ဆုံးမစကား ဟောကြားတော်မူလေ၏။

WWW.DHAMMARANSI.COM



## မြတ်စွာဘုရား ပါလိလေယျကတောသို့ ဝါဆိုခြင်း

ကောသမ္ဗီက ရဟန်းတို့သည် ဘုရားသခင်ကိုယ်တိုင် ဆုံးမတော်မူသော်လည်း မနာယူကြသဖြင့် အလုံးစုံသော ရဟန်းသံဃာများကိုစွန့်လျက် ကိုယ်တော်မြတ်တပါးတည်းသာ ပါလိလေယျက ရွာသို့ ကြွသွားတော်မူပြီး လမ်းတွင် တွေ့သော ဘာဂုမထေရ်အား ဧကစာကျင့်ရန် တရားတို့ကို ဟောကြားဆုံးမတော်မူပြီး ပါလိလေယျကတောအုပ်သို့ ကြွသွားတော်မူ၏။

### ပါလိလေယျက ဆင်မင်း

ဤတောအုပ်၌ ပါလိလေယျက အမည်ရှိသော ဆင်သည် အပေါင်းအသင်းတို့နှင့် နေရသည်ကို ငြီးငွေ့လှသဖြင့် တကောင်တည်းသာလျှင် ပါလိလေယျကတောအုပ်၌ ကျက်စား၍နေ၏။ အင်ကြင်းပင်ရင်း၌ သီတင်းသုံး၍ နေတော်မူသော မြတ်စွာဘုရားသခင်ကို ဖူးမြင်ရလျှင် လွန်စွာကြည်ညိုစိတ် ဖြစ်ပေါ်၍ အနီးသို့ကပ်၍ ပူဇော်သမှုပြု၏။ အနီးအပါးသို့ကြည့်ရှုရာ ပြုစုလုပ်ကျွေးမည့်သူ တစုံတရာမတွေ့ရှိလေသဖြင့် မြတ်စွာဘုရား၏ အနီးအပါးမှ မညီညွတ်သောမြေတို့ကို ခြေဖြင့်ရှပ်ကာ မြေကို ညှိပေးခြင်း၊ သစ်ကိုင်းကို နှာမောင်းဖြင့် ချိုး၍ တံမြက်လှည်းပေးခြင်းဖြင့် ဝတ်ပြုလေ၏။

ထိုအခါမှစ၍ နှာမောင်းဖြင့် ရေအိုးကိုယူပြီး သောက်တော်ရေ၊ သုံးတော်ရေတို့ကိုလည်း တည်ထားပေး၏။ သစ်သားနှစ်ချောင်းကိုပွတ်၍ မီးဖြစ်စေပြီး၊ ကျောက်ခဲတုံးကို မီးတွင် ဖုတ်ကာ ပူလာသော ကျောက်ခဲတုံးကို ရေအိုင်ငယ်တွင် ချခြင်းဖြင့် ရေပူကို ရအောင်ပြုပြီး ရေပူ ရေအေးကိုလည်း စီစဉ် ပေး၏။ သစ်သီးကြီးငယ်ကို ရှာကြံဆောင်ယူ ပေးလှူ၏။

WWW.DHAMMARANSI.COM





မြတ်စွာဘုရားသည် ရွာတွင်းသို့ ဆွမ်းခံကြွတော်မူလျှင် ပါလိလေယျက ဆင်မင်းသည် သပိတ်နှင့် သင်္ကန်းတော်ကို ဦး ကင်း၌တင်၍ နောက်တော်ပါးမှ လိုက်သွား၏။ ရွာအနီးသို့ ရောက်လျှင် မြတ်စွာဘုရားသခင်က- ''သင်သည် ဤအရပ်မှ ရှေ့သို့မသွားကောင်း၊ ဤတွင်ရပ်လော့''ဟု ဆိုလျှင် သပိတ်,

WWW.DHAMMARANSI.COM



သက်န်းကို မြတ်စွာဘုရားသို့ကပ်၏။ မြတ်စွာဘုရား ဆွမ်းခံ၍ ပြန်ကြွလာတော်မူသည်အထိ ဤနေရာမှာပင် စောင့်ပြီးလျှင် သပိတ်, သက်န်းကို စောင့်ကြိုယူလျက် သီတင်းသုံးတော်မူရာ ဌာနသို့ချပြီးလျှင် ဝတ်ကြီးဝတ်ငယ်ကိုပြု၏။ သစ်ခက်ဖြင့် ယပ်ခတ်၍ပေး၏။ ညဉ့်အခါရောက်လျှင် သစ်ကိုင်းတုတ်ကို နှာမောင်းဖြင့်ကိုင်လျက် တညဉ့်လုံး ကင်းစောင့်၍ပေး၏။ နံနက်မိုးသောက်လျှင် မျက်နှာသစ်တော်ရေကပ်သည်မှစ၍ ဝတ်ကြီးဝတ်ငယ်အားလုံးကို ပြုစုပေး၏။

## မျောက်သည်လည်း ပူဇော်ခြင်း

ပါလိလေယျကဆင်မင်း၏ ပြုစုလုပ်ကျွေးခြင်းကို မြင်သောမျောက်တကောင်သည် ဘုရားသခင်အား ကြည်ညိုစိတ်ဖြင့် ပျားကောင်မရှိသော ပျားလဘို့တခုကိုယူဆောင်၍ ဘုရားသခင်ရှေ့၌ ငှက်ပျောရွက်ကိုခင်းပြီးလျှင် ဘုရားသခင်အား ကပ်၏။ ဘုရားသခင်လည်း အလှူခံတော်မူ၏။ မျောက်သည် ဘုရားသခင် ဘုဉ်းပေး သုံးဆောင်တော်မူပါ၏လော ဟု ကြည့်ရှုနေသော် ဘုရားသခင်သည် ဘုဉ်းပေးတော်မမူပဲ ပျားတံကိုကိုင်၍ သာထားသည်ကိုမြင်၏။ မျောက်သည် သေချာစွာကြည့်ရှုလေသော် ပျားတံ၏အရင်း၌ ပျားဥအချို့ကို တွေ့မြင်လေသဖြင့် မျောက်သည် ပျားဥတို့ကို တဖြည်းဖြည်းဖယ်ရှား၍ ကပ်လှူပြန်၏။ ဘုရားသခင်သည် ဘုဉ်းပေးသုံးဆောင်တော်မူ၏။ မျောက်သည် ဘုရားသခင် ဘုဉ်းပေးသုံးဆောင်တော်မူနေသည်ကို မြင်လျှင် ဝမ်းသာလွန်းသဖြင့် သစ်ပင်ပေါ်သို့ခုန်တက်၍ သစ်ကိုင်းတခုကို လက်ဖြင့်ကိုင်ဆွဲကာ မြူးတူးကခုန်လေသည်။ မျောက်၏လက်ဖြင့် ကိုင်ဆွဲသောသစ်ကိုင်းသည် ကျိုးကျ၍ ခြေဖြင့်နင်း

WWW.DHAMMARANSI.COM



သော သစ်ကိုင်းလည်း ကျိုးကျပြီး အောက်သို့ အရှိန်နှင့်ကျ၊ ကျ အောက်၌ရှိသော သစ်ငုတ်ဖြင့် ကိုယ်ကိုဖောက်၍ စူးဝင်သွား လေ၏။ ပြင်းပျသော ဝေဒနာကြားမှာပင် မြတ်စွာဘုရားကို ကြည်ညိုသော စိတ်ဖြင့် သေလွန်သွားရာ တမုဟုတ်ခြင်းပင် တာဝတိံသာ နတ်ပြည်၌ ယူဇနာသုံးဆယ်ရှိသော ရွှေဗိမာန် ကြီးနှင့် နတ်သမီးတထောင်အရံရှိသော မဏ္ဍုကနတ်သားဖြစ်လေ ၏။

မြတ်စွာဘုရားသခင်သည် ပါလိလေယျကတော၌ သီတင်း သုံးတော်မူသည်ကို ဇမ္ဗူဒိပ်ကျွန်း အလုံး၌ သတင်း ထင်ရှား ဖြစ်ပေါ်သတည်း။

ရဟန်းသံဃာများ ညီညွတ်ကြခြင်း

ကောသမ္ဗီပြည်သူပြည်သားတို့သည် ကျောင်းတော်သို့သွား ကြရာ ဘုရားသခင်အား မဖူးမမြင်ရသဖြင့် မေးလျှောက်လျှင် သံဃာတော်တို့ ညီညွတ်သင့်တင့်အောင် ဆုံးမဩဝါဒပေးတော် မူသော်လည်း သင့်တင့် ညီညွတ်ခြင်း မဖြစ်ကြသောကြောင့် ပါလိလေယျကတောသို့ တပါးတည်း ကြွသွားလေကြောင်း သိ ကြရတော့၏။

ထိုအခါ လူအပေါင်းတို့သည် ဤရဟန်းတို့သည် ဘုရား သခင်အထံ၌ ရဟန်းပြုကြပါလျက် ဆရာ၏ဩဝါဒစကားကို နားမထောင်ကြပဲ အချင်းချင်းဝါဒကွဲကာ မညီမညွတ်သည်၏ အဖြစ်ကြောင့် ငါတို့သည် ဘုရားသခင်အား မဖူးမြင်ရတော့ ပေဟု ဤရဟန်းတို့အား သပိတ်မှောက်ကြ၏။ နှစ်ရက်သုံးရက် မျှပင် ရဟန်းတို့သည် ဆွမ်းကွမ်းကိစ္စ အခက်အခဲကြီးစွာတွေ့၍ တိုင်ပင်ညီညွတ်ကြပြီး ဒါယကာတို့ထံ "ငါတို့အချင်းချင်း ညီ

WWW.DHAMMARANSI.COM



ညွတ်ကြပါပြီ'' ဟု ပြောဆိုကြ၏။ ''မြတ်စွာဘုရားသခင်ထံ ကန်တော့ဝန်ချပါဦး''ဟု ဒါယကာတို့က ပြန်လည် လျှောက်ထားကြ၏။

ရဟန်းတို့သည် ဝါတွင်းအခါဖြစ်၍ မြတ်စွာဘုရားထံ သွားရောက် လျှောက်ထားခြင်းမပြုနိုင်သဖြင့် ဝါတွင်းသုံးလပတ်လုံး ဆင်းရဲငြိုငြင်စွာ နေကြရတော့၏။

အရှင်အာနန္ဒာ ပင့်လျှောက်ခြင်း

ဝါကျွတ်သောအခါ သာဝတ္ထိပြည်မှ အနာထပိဏ်၊ ဝိသာခါ အစရှိသော ဒါယကာ, ဒါယိကာမအပေါင်းတို့က အရှင်အာနန္ဒာအား မြတ်စွာဘုရားရှိရာကို ပြတော်မူကုန်ဟု လျှောက်ကြား၏။ အရပ်မျက်နှာအသီးသီး၌ သီတင်းသုံးတော်မူကြကုန်သော သံဃာတော်တို့ကလည်း ဝါကျွတ်သော် အရှင်အာနန္ဒာထံသို့ လာရောက်၍ မြတ်စွာဘုရား၏ရှေ့မှောက်တော်သို့ရောက်အောင် ပို့ပါလော့ဟု တောင်းပန်ကြကုန်၏။

အာနန္ဒာမထေရ်လည်းရဟန်းတို့ကိုခေါ်ဆောင်ပြီး ပါလိလေယျကတောအုပ်သို့သွား၍ ရဟန်းများစွာနှင့် မြတ်စွာဘုရားရှေ့တော်သို့ဝင်လျှင် မသင့်လျော်ဟု ရဟန်းများစွာတို့ကို တောအုပ်၏အပ၌ ထားခဲ့ပြီး တပါးတည်းသာလျှင် မြတ်စွာဘုရားထံ ချဉ်းကပ်လေ၏။

အာနန္ဒာမထေရ် လာသည်ကိုမြင်လျှင် ပါလိလေယျကဆင်မင်းသည် တုတ်ကို နှာမောင်းဖြင့်ဆော်၍ ရိုက်ပုတ်အံ့ဟု ပြင်ဆင်၏။ မြတ်စွာဘုရားသခင်က-

''ပါလိလေယျက ယခုလာသောအာနန္ဒာသည် ငါဘုရား၏အလုပ်အကျွေးတည်း၊ ဟန့်တားခြင်းကိုမပြုလင့်'' ဟု မိန့်တော်

WWW.DHAMMARANSI.COM



မူ၏။ ပါလိလေယျကလည်း အရှင်အာနန္ဒာလာခြင်းကို လမ်းဖယ်၍ပေးလေ၏။ ရှင်အာနန္ဒာသည် မြတ်စွာဘုရားကို ရှိခိုးပူဇော်ပြီးသော် သင့်တင့်လျောက်ပတ်သောအရပ်၌ နေ၏။

မြတ်စွာဘုရားသည် ရှင်အာနန္ဒာအား တပါးတည်းလောဟု မေးတော်မူ၏။ ရဟန်းတော်ငါးရာပါရှိ၍ အလိုတော်ကိုမသိရသေးသောကြောင့် တောအုပ်ဝ၌ ထားခဲ့ကြောင်းကို လျှောက်ထားလျှင် ခေါ်တော်မူစေ၏။

ရဟန်းတို့ရောက်လာပြီးသော် မြတ်စွာဘုရားသခင်အား ရှိခိုးပူဇော်သမှုပြုပြီး နောက်- ဘုရားသခင် မေးတော်မူလာသမျှ၊ သိလိုတော်မူသမျှတို့ကို ဖြေကြားကြပြီး- ''ရှင်တော်ဘုရား.... တပည့်သား တပါးမှမပါပဲ အရှင်မြတ် တပါးတည်းသာ ဝါတွင်း သုံးလပတ်လုံး သီတင်းသုံး နေတော်မူသည်မှာ မျက်နှာသစ်တော်ရေကိုပင် ကပ်မည့်သူမရှိပါတကား''ဟုလျှောက်ကြားကြလေသော်-

ဘုရားသခင်က ''ချစ်သားရဟန်းတို့....ပါလိလေယျက ဆင်မင်းသည် အလုံးစုံသော ဝတ်ကြီး ဝတ်ငယ်တို့ကို ပြုစုစောင့်ရှောက်ပေ၏''ဟု မိန့်တော်မူပြီးနောက်-

''ချစ်သား ရဟန်းတို့.... ပညာရင့်၍ ကောင်းစွာ နေလေ့ရှိသော တည်ကြည်သော အတူကျင့်ဖော် အဆွေခင်ပွန်းကို ရခဲ့သည်ဖြစ်အံ့၊ ထိုအဆွေခင်ပွန်းကောင်းနှင့်အတူ ကျင့်ရာ၏''

''မရခဲ့သည်ဖြစ်အံ့၊ ထီးနန်းကိုစွန့်၍ တောသွက်ကြသော မဟာဇနက၊တေမိယမင်းတို့ကဲ့သို့လည်းကောင်း၊ မာတင်္ဂတော၌ အဖော်မပါပဲ လှည့်လည်နေသော ပါလိလေယျက ဆင်ကဲ့သို့ တယောက်တည်း ကျင့်ရာ၏''

WWW.DHAMMARANSI.COM



တယောက်တည်း ကျင့်ခြင်းသည် မြတ်၏။ လူမိုက်တွင် မိတ်ဆွေ မရှိ၊ တော၌ တယောက်ထည်းတည်း ကြောင့်ကျမဲ့ သွားလာနေသော ဆင်ပြောင်ကဲ့သို့ ကျင့်ရာ၏။ ဤသို့ဖြင့် မကောင်းမှုတို့ကို မပြုကျင့်ရာ"

အထက်ပါ နာဂဝဂ်လာ ဓမ္မပဒသုံးဂါထာကို ဟောကြားတော်မူသည့် အဆုံး၌ ငါးရာမျှလောက်သော ရဟန်းတို့သည် အရဟတ္တဖိုလ်၌ တည်ကုန်၏။

ထို့နောက် အာနန္ဒာမထေရ်က အနာထပိဏ်သဌေး စသည်တို့ ဖူးမြင်လိုကြောင်း သတင်းစကားကို လျှောက်ထား လေလျှင် မြတ်စွာဘုရားသခင်က-

"ချစ်သားအာနန္ဒာ သပိတ်သက်န်းတို့ကို ယူလော့"ဟု မိန့်တော်မူ၍ ထွက်ကြွတော်မူ၏။

ပါလိလေယျကဆင်မင်း ရင်ကွဲနာကျခြင်း

မြတ်စွာဘုရားသခင် ကြွချီတော်မူသည်နှင့် ပါလိလေယျက ဆင်မင်းသည် လမ်းခရီးက မိမိခန္ဓာကိုယ်ဖြင့် ကန့်လန့်ကာဆီး၍ ထား၏။ မြတ်စွာဘုရားသခင်က- -

"ချစ်သားရဟန်းတို့ အသင်တို့အား သစ်သီးတည်းဟူသော ခဲဘွယ်ဘောဇဉ်တို့ကို ပေးလှူလိုသောကြောင့် ကန့်လန့်ဟန့်တားခြင်းဖြစ်သည်။ ချစ်သားရဟန်းတို့ ဤဆင်သည် ငါဘုရားအား ဝါတွင်းသုံးလ နေ့ညမပြတ် အလွန်ကျေးဇူးများလှပေသည်။ ထိုဆင်၏ သဒ္ဓါကို လက်ခံကြရန် ပြန်သည်ကြွကြကုန်လော့" ဟု မိန့်တော်မူ၍ မြတ်စွာဘုရားသည် ရဟန်းသံဃာတို့နှင့်တကွ ပြန်ကြွ သီတင်းသုံးနေတော်မူ၏။

ပါလိလေယျက ဆင်သည် တောအုပ်သို့ဝင်၍ အရသာရှိ

WWW.DHAMMARANSI.COM



သော သစ်သီးကြီးငယ်တို့ကို သယ်ယူစုဆောင်းလျက် နောက်နေ့ နံက်အာရုဏ်၌ ရဟန်းတို့အား ကပ်လှူပူဇော်၏။ ငါးရာမျှလောက်သော ရဟန်းတို့သည် ဘုဉ်းပေးသုံးဆောင်သော်လည်း သစ်သီးတို့သည် မကုန်ပေ။ မြတ်စွာဘုရားသည် ငါးရာသောရဟန်းတို့နှင့် ဘုဉ်းပေးပြီးသော် တောတွင်းမှ ထွက်ကြွတော်မူ၏။

ပါလိလေယျကဆင်သည် မြတ်စွာဘုရားရှေ့၌ ရပ်နား ဟန့်တား၏။ မြတ်စွာဘုရားသခင်က "အသင်ပါလိလေယျက ယခု ငါဘုရား ကြွသွားခြင်းသည် တောတွင်းသို့ ပြန်လည်လိမ့်မည် မဟုတ်၊ အသင့်အား ဤဘဝ ခန္ဓာကိုယ်ဖြင့် ဈာန် ဝိပဿနာ မဂ်ဖိုလ်ကျေးဇူးကို အထူးမခံစားနိုင်၊ သို့ဖြစ်၍ ငါဘုရားအား မဟန့်မတားပဲ ဤအရပ် ဤဌာန၌သာ နေရစ်ခဲ့လော့" ဟု မိန့်တော်မူသောကာလ နှာမောင်းကို ခံတွင်းဝယ်သွင်းပြီးလျှင် စိုးရိမ်ပူဆွေး ပြင်းစွာငိုကြွေးလျက် နောက်တော်မှ တကောက်ကောက် လိုက်လေ၏။

မြတ်စွာဘုရားသခင်သည် ရွာအနီးအပါးသို့ရောက်လေလျှင် "အသင် ပါလိလေယျက ဤအရပ်မှ ရှေ့တွင် သင့်အတွက် ရန်များချေမည်၊ ဤနေရာမှ ကောင်းစွာနေရစ်လော့" ဟုမိန့်တော်မူသောကာလ ဆင်မင်းသည် ပြင်းစွာငိုကြွေးလျက် မြတ်စွာဘုရား ကြွတော်မူရာ ခရီးကို မျက်စိတဆုံးမျှော်ရှုလျက် မျက်စိအောက်မှ မြတ်စွာဘုရားနှင့်တကွ သံဃာတော်တို့ကို မမြင်တော့သော ကာလ၌ ဤနေရာမှာပင် ရင်ကွဲနာကျ၍ သေလွန်လေသတည်း။

မြတ်စွာဘုရားသခင်၌ ကြည်ညိုသောသဒ္ဓါစိတ်ကြောင့် တာဝတိံသာ နတ်ပြည်ဝယ် ယူဇနာသုံးဆယ်ရှိသော ရွှေဗိမာန်၌ နတ်သမီးတထောင် ခြံရံ၍ ပါလိလေယျက အမည်ရသောနတ်

WWW.DHAMMARANSI.COM



သား ဖြစ်လေသတည်း။ (ပါလိလေယျကဆင်မင်းကား ဘုရား အလောင်းဖြစ်သည်ဟု အနာဂတ်ဝင်၌ လာ၏။)

### ကောသမ္ဗီရဟန်းတို့ကို ဘုရင်က တားခြင်း

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းဘော်သို့ ရောက်တော်မူကြောင်း ကောသမ္ဗီ ရဟန်းတို့ ကြားလျှင် မြတ်စွာဘုရားကို ကန်တော့ဝန်ချ သည်းခံစေခြင်းငှါ သာဝတ္ထိပြည်သို့ လာကြကုန်၏။ ပသေနဒီ ကောသလမင်းကြီးသည် မြတ်စွာ ဘုရားသခင်အား စိတ်ဆင်းရဲစေသည်၊ ဆုံးမ ခက်ခဲသော ရဟန်းတို့လာသည်ဟုကြားလျှင် မြတ်စွာဘုရားထံ ချဉ်းကပ်၍ ထိုရဟန်းတို့အား တပည့်တော်၏နိုင်ငံတွင်းသို့ ဝင်ခွင့်မပေးလို ပါဟု လျှောက်ထား၏။

မြတ်စွာဘုရားသခင်က တကာတော်မင်းမြတ် ထိုရဟန်းတို့ သည် သီလ စင်ကြယ်ပြည့်ဝသော ရဟန်းချည်းသာ ဖြစ်ကြပေ သည်။ အချင်းချင်း ငြင်းခုံမှုကြောင့် ငါဘုရား စကားတော်ကို မနာယူခြင်းဖြစ်သည်။ ယခု ဝန်ချတောင်းပန်ရန် ဆန္ဒဖြင့် လာ ရောက်ကြခြင်းကို ဟန့်တားခြင်းမပြုပါနှင့်ဟု မိန့်တော်မူ၏။

အနာထပိဏ်သဌေးကလည်း ထိုရဟန်းတို့အား ကျောင်း တွင်းသို့ ဝင်ခြင်းငှါ ခွင့်မပေးလိုပါဟု လျှောက်ကြားလျှင်.... မြတ်စွာဘုရားသည် ရှေးနည်းအတူပင် ပယ်တော်မူ၏။ ထိုရဟန်း တို့ ရောက်လာလျှင် မြတ်စွာဘုရားသခင်သည် ကျောင်းအိပ်ရာ နေရာတို့ကို ပေးစေတော်မူ၏။

အခြားသောရဟန်းတို့နှင့် ရောက်လာသောလူအပေါင်းတို့ က ကောသမ္ဗီပြည်၌ အချင်းချင်းကွဲပြားသော ရဟန်းတို့ပင် တည်းဟု တဦးနှင့် တဦး လက်ညှိုးညွှန်ပြလျက် ပြောဆိုကြ

WWW.DHAMMARANSI.COM

သဖြင့် ထိုရဟန်းတို့မှာ ဦးခေါင်းပင် မဖော်ဝံ့လောက်အောင် ရှက်ကြလေ။ ထိုနောက်မြတ်စွာဘုရား သခင်၏ ခြေတော်ရင်း၌ ဝပ်စင်းညွတ်တွားလျက် တောင်းပန်ကြကုန်၏။

မြတ်စွာဘုရားသခင်လည်း ရဟန်းများအား ရှေး၌ဖြစ်ကုန်သော ပညာရှိတို့သည် ဘာတ်ထိုက်သောသူကိုတွေ့၍ သတ်ခွင့်ရသည့်တိုင်အောင် မိခင်ဖခင်တို့၏စကားကိုမလွန်ဆန်ပဲ ပြုမူကျင့်ကြံသဖြင့် နောင်အခါ၌ ဗြဟ္မဒတ္တမင်းကြီး၏၊ သမီးတော်ကိုရ၍ ကာသိ၊ ကောသလနှစ်ပြည်တို့ကို အုပ်ချုပ်မင်းလုပ်ခဲ့ရလေသည်၊ အင်ချစ်သား ရဟန်းတို့သည် ငါဘုရား၏၊ စကားကို နာယူခြင်းမပြု၊ ဂရုမထား ဝန်လေးသောအမှုကို ပြုလေသည်ဟု ဒီဃိတိကောသလဇာတ်ကိုပင် တဖန်ထပ်မံ၍ ဟောကြားတော်မူ၏။

ချစ်သားရဟန်းတို့.... ပညာမဲ့သူတို့သည် ဤဘဝ၌ ငါတို့အမြဲမနေ၊ သေကြေပျက်စီးမည်ဟု မသိကြကုန်၊ ထိုသူတို့အဖို့ ခိုက်ရန်ငြင်းခုံမှုသည် မပြေငြိမ်း၊ ထိုသို့သိသောသူကား ခိုက်ရန်ငြင်းခုံခြင်းသည် ပြေငြိမ်းလေ၏။

ထိုဒေသနာတော်၏အဆုံး၌ ရောက်လာကုန်သော များစွာသောရဟန်းတို့သည် သောတာပတ္တိဖိုလ် စသည်တို့၌တည်၏။

၆။ ပရေစ န ဝိဇာနန္တိ၊
မယ မေတ္ထ ယမာ မသေ။
ယေ စ တတ္ထ ဝိဇာနန္တိ၊
တတော သမ္မန္တိ မေဓဂါ။

၆။ ဤဘဝ၌ ငါတို့သည် အမြဲမနေ၊ သေကြကုန်အံ့ဟု မသိသောသူတို့အဖို့ ခိုက်ရန်ငြင်းခုံ ကွဲပြားခြင်းသည် မပြေငြိမ်း၊ ထိုသို့သိသောသူတို့အဖို့ကား ခိုက်ရန်ငြင်းခုံခြင်း၊ ကွဲပြားခြင်းသည် ပြေငြိမ်းလေ၏။

(ဓမ္မပဒ ယမကဝဂ် ငါးခုမြောက် ကောသမ္ဗိ ရဟန်းတို့၏ ဝတ္ထုပြီး၏။)

WWW.DHAMMARANSI.COM

# ဒေါသထန်လျှင်မဆင်ခြင်နိုင်



WWW.DHAMMARANSI.COM

# ၂။ ဒေါသထန်လျှင် မဆင်ခြင်နိုင်

(တိဿအမည်ရ ရဟန်းတပါးဝတ္ထု)

မကောင်းမှုပြုသူသည် ငရဲသို့၊
ကောင်းမှုပြုသူသည် နတ်ပြည်သို့။

ဤဒေသနာတော်ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ တိဿမထေရ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ဝတ္ထုကြောင်းကား ဤသို့တည်း

တိဿမထေရ်သည် ကျောက်သွေးသမားတယောက်၏အိမ်၌ တဆယ့်နှစ်နှစ်တိုင်တိုင် ဆွမ်းစား၏။ ထိုအိမ်မှ လင်မယားတို့သည် မိဘအရာ၌တည်၍ မထေရ်ကို လုပ်ကျွေးပြုစုကြ၏။

တနေ့သ၌ ကျောက်သွေးသမားသည် မထေရ် ထိုင်နေစဉ် မထေရ်၏ရှေ့၌ ဟင်းအတွက် အမဲသားငါးကို ခုတ်လျက်နေ၏။ ထိုစဉ် ကောသလမင်းကြီးထံမှ ပတ္တမြားတလုံးကို သွေး၍ပေးရန် မင်းချင်းတယောက်ကို စေလွှတ်၍ ပို့စေ၏။ ကျောက်သွေးသမားသည် အသားဟင်းကိုခုတ်ယင်း ပတ္တမြားကို သွေးမျှားပေကျံနေသောလက်ဖြင့်ခံ၍ အနီးရှိ ခြင်းတောင်းပေါ်၌ တင်ထားပြီး လက်ဆေးရန် အိမ်တွင်းသို့ဝင်သွား၏။

ပတ္တမြား ပျောက်ဆုံးမှုကြီး

ထိုအိမ်၌ မွေးထားသည့် ကြိုးကြာငှက်သည် သွေးနံ့ရသဖြင့် ထိုနေရာသို့လာ၏။ ပတ္တမြားလုံးကို သားတစ်အမှတ်ဖြင့် မထေရ်၏ ရှေ့၌ပင် နှုတ်သီးဖြင့် ကောက်ယူမျိုချလိုက်၏။

WWW.DHAMMARANSI.COM



ထိုယောက်ျားသည် လက်ဆေးပြီး ပြန်လာ၍ ပတ္တမြားကို မမြင်လျှင် မယားကိုမေး၏၊ သားကိုမေး၏၊ ဘယ်သူမှမယူကြပါဟု ပြော၏။

ယခုပင် ဤနေရာ၌ တင်ထားသည်၊ ဘယ်သူမှလည်း မလာ၊ အိမ်ကလူတွေလည်း မယူ၊ ဤနေရာ၌ မထေရ်တပါးသာ ရှိသည်ဟု မထေရ်ကိုမေး၏။ မထေရ်က ငါမယူပါဟု ပြော၏။

မယားကိုတိုင်ပင်၏။ မထေရ်ပင် ယူလိမ့်မည်ဟုဆို၏။ မယားက ၁၂-နှစ်လုံးလုံး မထေရ်သည် ဤအိမ်သို့ကြွ၏။ တစုံတရာ အပြစ်ကို မမြင်ဖူးပါ၊ထိုမထေရ်သည် ပတ္တမြားကိုယူမည်မဟုတ်၊ အရမ်းမစွပ်စွဲပါနှင့်ဟု မယားက ပြော၏။

## ဒေါသကို မသိမ်းဆည်းနိုင်၍

ထိုယောက်ျားသည် မည်သူတစုံတယောက်မျှမရှိ၍ မထေရ်သာလျှင် ဖြစ်ရမည်ဟု တထစ်ချစွပ်စွဲပြီး မထေရ်ကို ထပ်မံမေး၏။ မထေရ်က-"ငါမယူပါ"ဟုသာ ပြော၏။

ဘုရင်မင်းမြတ်၏ပစ္စည်းဖြစ်သဖြင့် ပြန်၍မတွေ့လျှင် လျော်နိုင်ကောင်းသောအရာမဟုတ်၊ရာဇဝတ်ပြစ်ဒဏ် ခံရတော့မည်ဟု စိုးရိမ်၍လာ၏။

"အရှင်ဘုရား.... ဤအိမ်၌ အရှင်ဘုရားမှတပါး မည်သူမျှ မရှိ၊ အရှင်ဘုရားပင် ခိုးယူခြင်းဖြစ်သည်၊ ပတ္တမြားကို ပြန်ပေးပါ"ဟု အတိအလင်းတောင်း၏။

ထို့နောက် မယားကို တိုင်ပင်၏။ ပြန်မပေးလျှင် ရိုက်၍မေးရမည်ဟု ဆို၏။ မယားက မထေရ်ကို မပြစ်မှားပါနှင့်၊ ငါတို့ ကျွန်ဘဝရောက်ရသည်က မြတ်ပါသေးသည်ဟု ဆို၏။

WWW.DHAMMARANSI.COM



လင်ဖြစ်သူက ငါတို့ တအိမ်လုံး ကျွန်ခံသည့် တိုင်အောင် ပတ္တမြားဖိုးကို ရမည်မဟုတ်၊ ဤပတ္တမြားသည် အဖိုးဖြတ်နိုင်သော ပတ္တမြား ဖြစ်သည်။ မရ ရအောင် မေးရမည်ဟု ကြိုးကို ယူပြီး မထေရ်၏ဦးခေါင်းကိုရစ်၍ တုတ်ဖြင့်လှည့်ပြီး မေး၏။

မထေရ်၏ဦးခေါင်းမှလည်းကောင်း၊ နားရွက်, နှာခေါင်းတို့မှလည်းကောင်း သွေးတို့သည် ယိုစီး၍ကျ၏။ (မ ပွေးဘူးလား-မေးမလား)မေးယင်း ထပ်၍လှည့်ယင်း မထေရ်က(ငါမယူပါ) ဟု ပြောယင်း ထပ်၍လှည့်ယင်းဖြင့် မထေရ်၏ဦးခေါင်းတို့သည် ကွဲထွက်မလောက်ဝေဒနာကို ခံစားရ၏။ မျက်စိတို့သည် ထွက်၍ကျတော့မလောက် ဖြစ်ကုန်၏။

## ကြိုးကြာငှက်က ဖော်ပေးခြင်း

မထေရ်သည် ပြင်းထန်စွာ ဝေဒနာခံစားရပြီး ဦးခေါင်းမှ သွေးအလိမ်းလိမ်းဖြင့် မြေပေါ်၌ လဲ၍ကျ၏။

ကြိုးကြာငှက်သည် သွေးနံ့ရသဖြင့် မထေရ်၏ကိုယ်မှ သွေးတို့ကို လာ၍သောက်၏။

ဒေါသပြင်းထန်နေသော ထိုယောကျ်ားသည် ကြိုးကြာငှက်ကို ခြေဖြင့် တအားကန်၍ပစ်၏။

ကြိုးကြာငှက်သည် ဒေါသဖြင့် တအားကန်လိုက်သည်နှင့် တပြိုင်နက် မြေပေါ်၌ ပက်လက်လဲကျ၍ သေဆုံးသွား၏။

ထိုအခါ မထေရ်သည်-

''ဒါယကာ....ဦးခေါင်း၌ရစ်၍ ချည်ထားသောကြိုးကို ရှေးဦးစွာ လျှော့ပေးပါ၊ ဤကြိုးကြာငှက်ကို သေပြီလော မသေသေးသလော ကြည့်ပါဦး'' ဟုဆို၏။

WWW.DHAMMARANSI.COM



ထိုယောက်ျားက မထေရ်အား-

"ကြိုးကြာငှက်သေပြီ"

"ကြိုးကြာငှက် သေသလို မုချသေရမည်" ဟု ဒေါသဖြင့် ပြော၏။

"ဒါယကာ.... ကြိုးကြာငှက်သည် ပတ္တမြားကို မျိုခဲ့၏။ အကယ်၍ ကြိုးကြာငှက်မသေခဲ့လျှင် သင်သည် ငါ့အား သေအောင် သတ်သော်လည်း ပြောကြားလိမ့်မည်မဟုတ်ပါ" ဟု ပြော၏။

## ဒေါသပြေလျှင် ကြောက်စိတ်ဝင်

ထိုသူသည် ကြိုးကြာငှက်သေကောင်၏ ဝမ်းကိုခွဲ၍ရှာရာ ပတ္တမြားကိုမြင်ရလျှင် ထိတ်လန့်တွန်လှုပ်စွာဖြင့် မထေရ်၏ခြေရင်း၌ဝပ်၍-

"အရှင်ဘုရား....တပည့်တော်ကို သည်းခံတော်မူပါ၊ မသိ၍ အရှင်ဘုရားအပေါ် ဤသို့ပြုမိပါသည်" ဟု လျှောက်၏။

"ဒါယကာ....သင့်မှာလည်းအပြစ်မရှိ ငါ့မှာလည်းအပြစ်မရှိ အကယ်စင်စစ် ဝဋ်ကြွေးသာလျှင် တရားခံဖြစ်သည်။ သင့်ကို သည်းခံ၏" ဟု ဆိုလတ်သော်-

"အရှင်ဘုရား....အကယ်၍သည်းခံပါလျှင် ယခုအတိုင်းပင် တပည့်တော်၏အိမ်၌ နေ၍ ဆွမ်းကိုခံယူပါလော့" ဟု လျှောက်၏။

"ဒါယကာ....ယခုအချိန်မှစ၍ ငါသည် သူတပါးအိမ်၏၊ အမိုးတွင်းသို့ မဝင်တော့" ဟု ဆို၏။

"ငါသည် အိမ်တွင်းသို့ဝင်မိခြင်းကြောင့်သာ ဤသို့ အပြစ်ဖြစ်ရသည်။ ဤနေ့မှစ၍ ငါ၏ခြေတို့သည် ခန္ဓာကိုယ်ကို သယ်

WWW.DHAMMARANSI.COM



ဆောင်နိုင်သမျှ အိမ်တံခါး၌ ရပ်လျက်သာလျှင် ဆွမ်းခံတော်မူ၍ ဤဂါထာကိုရွတ်ဆို၏။
အံ့ဟု မိန့်တော်မူပြီး ဤဂါထာကိုရွတ်ဆို၏။

"ရဟန်းအတွက် ဆွမ်းကို အိမ်တိုင်း အိမ်တိုင်း ချက်၏၊ အနည်းငယ် အနည်းငယ်ကို ဆွမ်းအတွက် ငါသွားအံ့၊ ငါ့တွင် ခြေထောက်ရှိ၏"

ဤစကားကိုဆို၍ မထေရ်သည် ထိုဒဏ်ရာဖြင့် မကြာမြင့်မီ ပရိနိဗ္ဗာန်ပြု၏။ ကြိုးကြာငှက်သည် ကျောက်သွေးသမား၏ဝမ်း၌ ပဋိသန္ဓေနေ၏။ ကျောက်သွေးသမားသေသောအခါ ငရဲသို့ကျ၏။ ကျောက်သွေးသမား၏ မယားမှာ မထေရ်အပေါ်၌ နူးညံ့သောစိတ်ရှိ၍ သေလျှင် နတ်ပြည်၌ဖြစ်၏။

## မြတ်စွာဘုရားထံ လျှောက်ကြားကြခြင်း

ရဟန်းတို့သည် မြတ်စွာဘုရားထံ ထိုသူတို့၏ တမလွန်ဘဝသို့ လားခြင်းကို မေးလျှောက်ကြ၏။ မြတ်စွာဘုရားက-

"ရဟန်းတို့....ဤသာသနာ၌ အချို့သောသူတို့သည် လူ၏ ဝမ်း၌ဖြစ်ကုန်၏။ မကောင်းမှု ပြုလေ့ရှိကုန်သော သူတို့သည် ငရဲ၌ ဖြစ်ကုန်၏။ ကောင်းမှုပြုသောသူ အချို့သည် နတ်ပြည်၌ ဖြစ်ကုန်၏။ ရဟန္တာတို့သည် ပရိနိဗ္ဗာန်ပြုကြ၏"

ဤသို့မိန့်တော်မူ၍ သားစဉ်မြေးဆက် စပ်၍ ဤဂါထာကို မိန့်တော်မူ၏။

၁၂၆။ ဂဗ္ဘ မေကေ ဥပ္ပဇ္ဇန္တိ၊
နိရယံ ပါပကမ္မိနော။
သဂ္ဂံ သုဂတိနော ယန္တိ၊
ပရိနိဗ္ဗန္တိ အနာသဝါ။

WWW.DHAMMARANSI.COM



၁၂၆။ အချို့သောသူတို့သည် လူ၏ဝမ်း၌ ဖြစ်ကုန်၏။ မကောင်းမှုကိုပြုသောသူတို့သည် ငရဲ၌ဖြစ်ကုန်၏။ ကောင်းသောဂတိရှိကုန်သောသူတို့သည် နတ်ပြည်သို့သွားကြ၏။ ရဟန္တာတို့သည် ပရိနိဗ္ဗာန်ပြုကုန်၏။

(ဓမ္မပဒ ပါဠိဝင် တိဿမထေရ်ဝတ္ထု ပြီး၏။)

● ● ●

# ၃။ ဒေါ်သမာန စွန့်ပယ်ကြ

(ရောဟိနီမင်းသမီးဝတ္ထု)

ဒေါသမာနစွန့်ပယ်ကြ၊
သံယောဇဉ်မှ ရုန်းထွက်ကြ၊
နာမ်ရုပ်တို့မှာ မငြိတွယ်ရာ၊
ကြောင့်ကြကင်းငြား ထိုသူအား
ဆင်းရဲဒုက္ခ ကင်းလွတ်ရ။

ဤဒေသနာတော်ကို ကပိလဝတ်ပြည် နိဂြောဓါရုံကျောင်း၌ အရှင်အနုရုဒ္ဓါမထေရ်၏ နှမတော်ဖြစ်သော ရောဟိနီမင်းသမီးကို အကြောင်းပြု၍ ဟောတော်မူ၏။

ဝတ္ထုကြောင်းကား ဤသို့တည်း

အခါတပါး၌ ရှင်အနုရုဒ္ဓါမထေရ်သည် ငါးရာသောရဟန်းတို့နှင့်အတူ ကပ်ိလဝတ်ပြည်သို့ကြွသွားတော်မူရာ ဆွေမျိုးတို့က အနုရုဒ္ဓါကြွလာသည်ကိုကြား၍ ဝမ်းသာအားရ အပြေးအလွှား

WWW.DHAMMARANSI.COM



WWW.DHAMMARANSI.COM



ပင် နိဂြောဓာရုံကျောင်းသို့ သွားကြကုန်၏။ မထေရ်သည် ဆွေမျိုးတို့အကုန်မြင်ရသော်လည်း နှမတော် "ရောဟိနီ"ကိုမတွေ့၍ မေးတော်မူလျှင် "ရောဟိနီသည် နူနာရောဂါစွဲနေသဖြင့် ရှက်၍ မလိုက်ပါ"ဟု လျှောက်၏။

မထေရ်သည် ရောဟိနီကို ခေါ်စေတော်မူပြီး အဝတ်ကိုခြုံ၍လာသောရောဟိနီရောက်လာလျှင်"သင်သည်ငါ့ထံသို့အဘယ်ကြောင့် မလာသနည်း"ဟု မေး၏။

"တပည့်တော်မ၏ကိုယ်၌ ယားယံရောဂါ နူနာဖြစ်နေ၍ ရှက်သဖြင့် မရောက်လာခြင်းဖြစ်ပါသည်"ဟု လျှောက်၏။

"ရောဟိနီ....သင်သည် ကောင်းမှုပြုရန် မသင့်သလော"

"အဘယ်ကောင်းမှုကို ပြုရပါမည်နည်း"

"ဆွမ်းစားဇရပ်ကို ဆောက်လေလော့"

"အရှင်ဘုရား....ငွေအသပြာမရှိပါ"

"သင်ဆင်မြန်းသော လက်ဝတ်တန်ဆာတို့ ရှိသလော"

"ရှိပါ၏ဘုရား"

"အဖိုးမည်မျှထိုက်တန်သနည်း"

"တသောင်းမျှလောက် ထိုက်တန်ပါသည်"

"ထိုသို့ဆိုလျှင် ထိုလက်ဝတ်တန်ဆာကို ရောင်းချ၍ ဆွမ်းစား ဇရပ်ကို ဆောက်လော့" အရှင်အနုရုဒ္ဓါသည် ဆွေမျိုးတို့ကို ကြည့်၍-

"သင်တို့ ဆွမ်းစားဇရပ် ဆောက်လုပ်ရာတွင် ကြီးကြပ်တာဝန် ယူကြလော့၊ ငါသည်လည်း ကြည့်ရှုစောင့်ရှောက်မည်"ဟု မိန့်တော်မူ၏။ ဆွေမျိုးတို့သည် တာဝန်ယူ၍ အဆောက်အဦကို ဆောက်ကြ၏။

WWW.DHAMMARANSI.COM



အရှင်အနုရုဒ္ဓါ မထေရ်သည် ကြုပ်မတ် စီရင်တော်မူလျက် ဘုံနှစ်ဆင့် ရှိသော နှစ်ထပ် လည်ပေါ် ဇရပ်ကို ဆောက်စေ၍ အပေါ်ထပ်၌ မျဉ်ကိုခင်းစေပြီး ရောဟိနီအား-

"အောက်ထပ်၌ အမြဲမပြတ် တံမြက်လှည်းလော့၊ အာဂန္တု ရဟန်းတို့အတွက် နေရာတို့ကိုခင်းလော့၊သောက်ရေတို့ကိုမပြတ် ထည့်လော့၊ ခြေဆေးရေတို့ကို ခပ်၍ထားလော့"ဟု ညွှန်ကြား ၏မိန့်ဆို၏။

## မြတ်စွာဘုရားထံ ဇရပ်လှူခြင်း

နှစ်ထပ် လည်ပေါ်ဇရပ်ကို ဆောက်နေစဉ်ပင် ရောဟိနီ၏ နူနာတို့သည် ညှိုး၍ခြောက်လာ၏။ ဆွမ်းစားဇရပ်ပြီးလေသော် ဘုရားအမှူးရှိသော သံဃာတော်တို့ကိုပင့်၍ အလှူပေး၏။ဆွမ်း ဘုဉ်းပေးပြီးသော် မြတ်စွာဘုရားက-

"ဤအလှူသည် မည်သူ၏အလှူနည်း"

ဟု မေးတော်မူ၏။ အရှင်အနုရုဒ္ဓါက-

"တပည့်တော်၏နှမဖြစ်သော ရောဟိနီ အလှူဖြစ်ပါသည်" ဟု လျှောက်၏။

"ရောဟိနီ အဘယ်မှာနည်း"ဟု မေးတော်မူသဖြင့်-

"အိမ်၌ ရှိပါသည်" ဟု လျှောက်၏။ မြတ်စွာဘုရားသည် ရောဟိနီကို ခေါ်စေတော်မူ၏။

ရောဟိနီသည် ပရိသတ် အကြားသို့ မလာ လိုသော်လည်း မြတ်စွာဘုရား၏အမိန့်ကို မငြင်းဝံ့သဖြင့် ရောက်လာရ၏။

မြတ်စွာဘုရားက-

"ရောဟိနီ-ငါဘုရားရှိရာသို့ အဘယ်ကြောင့်မလာသနည်း"

WWW.DHAMMARANSI.COM



"တပည့်တော်မ၏ကိုယ်၌ နူနာရောဂါရှိသောကြောင့် ရှက်၍ မလာခြင်း ဖြစ်ပါသည်"

"အသင်သည် အဘယ်ကိုအကြောင်းပြု၍ နူနာရောဂါဖြစ်ရသည်ကို သိသလော"

"မသိပါ အရှင်ဘုရား"

"သင်သည် ဒေါသနှင့် မာနကြောင့် ဤနူနာသည်ဖြစ်ရ၏"

"အရှင်ဘုရား....အဘယ်မကောင်းမှု ပြုမိပါသနည်း"

"ထိုသို့ သင်လျှောက်ထားမှုကား နံ့ကြားလော့"ဟု မိန့်တော်မူ၍ ရောဟိနီ၏ အတိတ်ဇာတ်ကို ဟောတော်မူ၏။

## ရောဟိနီ အတိတ်ဇာတ်

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ကြီးအရှင် ဘုရင်မင်းမြတ်သည် "ရောဟိနီ" တည်းဟူသော အဂ္ဂမဟေသီမိဖုရားခေါင်ကြီးအား အလွန်ချစ်မြတ်နိုးခဲ့၏။ အစစအရာရာ အလိုလိုက်ခဲ့၏။

သို့သော် တနေ့တွင်ကချေသည်မကလေးတယောက်ကို တွေ့မြင်ရလျှင် မြတ်နိုး၍ မောင်းမတ်မယောက်အဖြစ် ကောက်ယူပြီး အစစအရာရာ အရေးပေး၍ထား၏။ မင်းကြီးအနီး၌ အမြဲမပြတ်နေစေ၏။ ထိုအခါ အဂ္ဂမဟေသီမိဖုရားခေါင်ကြီးသည် ထိုကချေသည် မိန်းကလေးအပေါ် ဒေါသအမျက် ပြင်းထန်စွာ ထွက်၏။

ထို့ကြောင့် ထိုကချေသည်မကလေးအား ဒုက္ခပေးရန် အမြဲမပြတ် ကြံစည်၍နေ၏။

WWW.DHAMMARANSI.COM



## ခွေးလေးယားသီး စစ်ပွဲဆင်

ရောဟိနီ မိဖုရားကြီးသည် မိမိ၏ အလုပ် အကျွေး မိန်းမ တယောက်အား မှာထား၍ ခွေးလေးယားသီး အမှုန့်များကို ရှာယူခဲ့စေ၏။

ထိုနောက် ဘုရင်မင်းမြတ် ညီလာခံဝင်ချိန်တွင် ထိုမိန်းမငယ် ကာလေးထံ သွားရောက်၍ မိဖုရားခေါင်ကြီး ခေါ်တော်မူသည် ဟု ပြောစေ၏။

ထိုမိန်းမငယ် ကချေသည်မကလေး ငါ့ထံသို့ လာချိန်တွင် သူ၏အိပ်ခန်းတွင်းသို့ဝင်ပြီး အိပ်ရာပေါ်၌ ခွေးလေးယားသီး မှုန့်များ ကြဲဖြန့်၍ထားခဲ့ရန် တိတ်တဆိတ် မှာကြား စေလွှတ် လိုက်၏။

ကချေသည်မလေးသည် မိဖုရားခေါင်ကြီးရှေ့သို့ ရိုသေစွာ ဝင်ရောက်ခစား၏။ ကချေသည်မလေးကိုမြင်လျှင် မိဖုရားကြီး သည် ဒေါသကို မထိန်းသိမ်းနိုင်တော့ပဲ ပါးစပ်မှရေရွတ်လျက် အနီးတွင် အသင့်ထားသောခွေးလေးယားသီးထုပ်နှင့်ပစ်ပေါက် လိုက်၏။ ကချေသည်မလေးသည် အမှတ်မဲ့ အံ့အားသင့်၍ ကြည့်နေယင်းကပင် တကိုယ်လုံး ယားယံပြီး မနေနိုင်မထိုင်နိုင် ဖြစ်ကာ ငိုကြွေး၍ ထွက်ပြေးလေ၏။

မခံမရပ်နိုင်သဖြင့် မိမိအဆောင်သို့ အရောက်တွင် အိပ်ရာ ပေါ်သို့တက်၍ လူးလိမ့်နေရတော့၏ အိပ်ရာပေါ်တွင် ကြဲဖြန့် ထားသဖြင့် နှစ်ဆတိုးကာ ဝေဒနာခံစားနေရရှာတော့သည်။

မြတ်စွာဘုရားသည် ဤသို့အတိတ်ဇာတ်ကို ဟောတော်မူပြီး "ရောဟိနီ....ထိုအခါ၌ သင်ပြုအပ်ခဲ့သော မကောင်းမှုကံသည် ယခုဘဝ၌ ဤသို့ နူနာစွဲခြင်းဖြင့် ခံစားရသည်တည်း"

WWW.DHAMMARANSI.COM



"ရောဟိနီ....အနည်းငယ်လည်းဖြစ်သော အမျက်ထွက်ခြင်းကိုလည်းကောင်း၊ငြူစူခြင်းကိုလည်းကောင်း ပြုခြင်းငှါမသင့်သော သဘော ရှိသည်သာတည်း"ဟု မိန့်တော်မူ၍ ဂါထာတော်ကို ဟောတော်မူသည်မှာ-

၂၂၁။ ကောဓံ ဇဟေ ဝိပ္ပဇဟေယျ မာနံ၊
သံယောဇနံ သဗ္ဗ မတိက္ကမေယျ။
တံ နာမ ရူပသ္မိံ မသဇ္ဇမာနံ၊
အကိဉ္စနံ နာနုပတန္တိ ဒုက္ခာ။

၂၂၁။ အမျက်(ဒေါသ)ကို စွန့်ရာ၏၊မာနကိုပယ်ရာ၏၊သံယောဇဉ်အားလုံးကို ကျော်လွှားနိုင်ရာ၏၊နာမ်ရုပ်၌ ငြိတွယ်ခြင်းမရှိသော ကြောင့်ကြခြင်း မရှိသော ထိုပုဂ္ဂိုလ်ကို ဆင်းရဲဒုက္ခတို့သည် အစဉ်မလိုက်ကုန်။

ဤသို့ ဟောတော်မူပြီးနောက် ရောဟိနီသည် သောတာပတ္တိဖိုလ်၌တည်၏။ ထိုရောဟိနီ၏ ကိုယ်သည် ရွှေအဆင်းနှင့်တူသော အဆင်းရှိသည်ဖြစ်၏။

## ချောသည်၊ လောကီ၊ ရောဟိနီ

ရောဟိနီသည် ထိုဘဝမှ စုတေသည်ရှိသော် တာဝတိံသာနတ်ပြည်၌ နတ်သားလေးယောက်တို့၏ ဗိမာန်များအလယ်တွင် ဗိမာန်နှင့်တကွ ပေါ်ပေါက်၍လာ၏။

ရောဟိနီနတ်သမီးသည် နတ်လောကတွင်ပင် အလွန်လှ၏။ ရှိနေသောနတ်သမီးတို့ထက် ပို၍ပင် အရောင်အဆင်းတင့်တယ်၏။

WWW.DHAMMARANSI.COM



WWW.DHAMMARANSI.COM

အနီးရှိ ဘုံဗိမာန် လေးခုမှ နတ်သား လေးယောက်တို့သည် ဗိမာန်သစ်ရှင် ရောဟိနီနတ်သမီးကို မြင်လျှင် မြင်ခြင်း ချစ်ခင် စွဲလန်းကြကုန်၏။ မိမိတို့စိတ်ကို မထိန်းနိုင်ဘဲ နတ်သားတို့သည် တပြိုင်နက်ပင် ရောဟိနီနတ်သမီးကို ဝန်းရံကြ၏။ သူဆိုင်သည်၊ ငါပိုင်သည်ဟု ငြင်းခုံကြ၏။

ရောဟိနီသည် ဘာမျှမသိ၊ မျက်စိ အကြောင်သားနှင့်သာ နတ်သားလေးယောက်ကို ကြည့်နေ၏။ နတ်သားတယောက်က သူသည် ရောဟိနီကို မည်မျှ ချစ်ကြောင်း ပြော၏။ အခြား တယောက်က ထိုထက်ပို၍ပြော၏။

နတ်သမီးတယောက်အတွက် နတ်သား လေး ယောက် တို့ အငေမတည့်ဖြစ်ကြ၏။

နတ်သား တယောက်က နတ်တို့၏ အကြီးအမှူး ဖြစ်သော သိကြားမင်းထံ အဆုံးအဖြတ်ခံယူရန် သွားမည်ဟုပြော၏။

ကျန်နတ်သားသုံးယောက်က သဘောတူ၍ ရောဟိနီနတ်သမီးကိုခေါ်ပြီး သိကြားမင်းထံသွားကြ၏။

## သိကြားမင်းလဲ့မနေနိုင်

သိကြားမင်းလည်း နတ်သားလေးယောက်နှင့် ရောက်လာသော ရောဟိနီကိုမြင်လျှင် မျက်လုံးပြူးထွက်မတတ် ကြည့်နေ၏။

နတ်သားတယောက်က လျှောက်ထား၏။ ဘုံဗိမာန်လေးခု အကြားတွင် ပေါ်ပေါက်လာသော ရောဟိနီနတ်သမီးအား သူ ပိုင်ထိုက်သည်၊ ငါပိုင်ထိုက်သည်ဟု အငြင်း ပွားနေ သည် ကို သိကြားမင်း ဖြေရှင်းပေးပါရန် လျှောက်ထား၏။

WWW.DHAMMARANSI.COM



ထိုအခါ သိကြားမင်းက-

''အမောင်နတ်သား....ရောဟိနီနတ်သမီးကိုမြင်ရသောအခါ သင်၏စိတ်၌ မည်သို့ဖြစ်ပေါ်သနည်း''ဟု မေး၏၊

''မှန်လှပါ....ရောဟိနီကိုမြင်လိုက်သည်နှင့်တပြိုင်နက် ကျွန်ုပ်၏ စိတ်တို့သည် စစ်မြေပြင်တွင်တီးအပ်သော စည်သံကဲ့သို့ ရင်တွင်း၌ ဒိန်းဒလိန်း ဒိန်းဒလိန်းမြည်လျက် ရှိရပါသည်ဘုရား'' ဟုလျှောက်၏။

ထိုအခါ ဒုတိယနတ်သားက-

''ရောဟိနီနတ်သမီးကိုမြင်ရသောအခါ အကျွန်ုပ်၏ရင်တွင်း၌ တောင်ထိပ်တောင်စောင်းတို့မှ အရှိန်အဟုန်နှင့် စီးဆင်းလာသော ရေတံခွန်မှ ရေအဟုန်ကဲ့သို့ အကျွန်ုပ်၏ရင်တွင်းမှာ အရှိန်ပြင်းစွာ ရိုက်ခတ်လှုပ်ရှားရပါသည် ဘုရား''

တတိယနတ်သားကို မေးသောအခါ-

''ဤနတ်သမီးကို တွေ့မြင်ရသည့်အခါ အကျွန်ုပ်၏ မျက်စိအစုံတို့သည် ပုစွန်၏မျက်စိကဲ့သို့ ပြူးထွက်၍ကျမတတ် ဖြစ်ရပါသည် ဘုရား''

စတုတ္ထနတ်သားကိုမေးသောအခါ-

''ဤနတ်သမီးကို မြင်ရသည့်အချိန်မှစ၍ စေတီ၏ထိပ်ဖျား၌ လွှင့်တင်ထားသော တံခွန်လုံးကဲ့သို့ ကျွန်ုပ်၏နှလုံးသားတို့သည် ရပ်တည်ရာမရ၊ပြေးလွှားရိုက်ခတ်လှုပ်ရှား ဖြစ်ရပါသည်ဘုရား''

ထိုအခါ သိကြားမင်းက ပြောကြားသည်မှာ-

''အမောင်နတ်သားတို့သည် ရောဟိနီကိုမြင်ရသဖြင့် ဤသို့ဖြစ်ကြရသည်ကို ငါယုံကြည်ပါ၏၊ ငါသိကြားမင်းပင်လျှင်

WWW.DHAMMARANSI.COM



ရောဟိနီကိုမြင်မိသည်မှစ၍ ဤရောဟိနီကိုမှမရလျှင် သိကြားမင်းဘဝမှ စုတေသေလွန်ရပါလိမ့်မည်ဟု ငါထင်သည်”

ဟု မိန့်ကြားလေလျှင် နတ်သားလေးယောက်တို့သည် အံ့အားသင့်သွားကြပြီး-

“အရှင်သိကြားမင်း....သေလွန်ခြင်းကို မပြုပါနှင့်၊ ဤရောဟိနီကို အကျွန်ုပ်တို့လေးယောက်စလုံးစွန့်လွှတ်၍ အရှင်သိကြားမင်းထံပင် အပ်နှံခဲ့ပါတော့မည်ဟု ပြောဆိုကာ ထွက်ခွာသွားကြလေ၏။

သိကြားမင်းသည် ရောဟိနီနတ်သမီးအား နတ်မိဖုရားအရာချီးမြှောက်၍ အလွန်မြတ်နိုးတော်မူလှရကား ရောဟိနီပြောဆိုသမျှသာ သိကြားမင်းသည် နာခံဆောင်ရွက်ရတော့သည် ဟူသတည်း။

ဓမ္မပဒ ကောဓဝဂ် တခုမြောက် ရောဟိနီဝတ္ထု ပြီး၏။)

WWW.DHAMMARANSI.COM

# အမျက်ဒေါသ ထိန်းသိမ်းကြ

## ဒေါသချုပ်တည်းနုတ်သိမ်းဝတ္ထု



WWW.DHAMMARANSI.COM

## ၄။ အမျက်ဒေါသ ထိန်းသိမ်းကြ

# ဒေါသချုပ်တည်း နတ်သမီးဝတ္ထု

ပြင်းထန်စွာသော အမျက်ဒေါသကို
ထိန်းသိမ်းနိုင်စွမ်းသူသည်
အဟုန်ဖြင့်ပြေးနေသောရထားကို
မတိမ်းမစောင်းအောင်
ရပ်တန့်နိုင်သော ရထားထိန်းကဲ့သို့
ရထားထိန်းအစစ် ဖြစ်၏။
ခြားသူများ သည်ကား
ရထား၏ ကြိုးကိုင်မျှသာ ဖြစ်၏။

ဒေသနာတော်ကို အာဠဝီပြည် အဂ္ဂါဠဝစေတီ၌ ရဟန်းတပါးကိုအကြောင်းပြု၍ ဟောတော်မူ၏။

ဝတ္ထုကြောင်းကား ဤသို့တည်း

မြတ်စွာဘုရားသည် ရဟန်းသံဃာ တို့အား သေနာသနကျောင်းတို့ခွင့်ပြုသည်ရှိသော် ရာဇဂြိုဟ်ပြည်မှ သူဌေးတို့သည် ကျောင်းဆောက်၍ လှူကြကုန်၏။ အာဠဝီတိုင်းသား ရဟန်းတပါးသည် မိမိနေရန် ကျောင်းကို ဆောက်လိုသောကြောင့် လုံးပတ်ပဝ်စည်ဖြင့် ရှည်ချောလျက် နှစ်လိုဖွယ်ရှိသော သစ်ပင်ကိုမြင်၍ ထိုသစ်ပင်ကိုလှဲရန်လာ၏။

WWW.DHAMMARANSI.COM



ထိုသစ်ပင်၌ နတ်သမီးတယောက်နေ၏၊ နတ်သမီးသည် သားကိုချီပြီး ကိုယ်ထင်ပြလျက် တောင်းပန်၏။

“အရှင်။ ။ကျွန်ုပ်၏ဗိမ္ဗာန်ကိုမခုတ်ဖြတ်ပါနှင့်၊ သားငယ်ကိုပိုက်၍ ဗိမ္ဗာန်မရှိပဲ လှည့်လည်ခြင်းငှာမထတ်နိုင်ပါ”ဟုတောင်းပန်၏။

ရဟန်းက “ဤသစ်ပင်လောက်ကောင်းသော အခြားသစ်ပင်မရှိ” ဟုဆိုကာ သစ်ပင်ကိုလှဲရန်ပြင်၏၊ နတ်သမီးသည် ဤကလေးငယ်ကိုမြင်လျှင်သနား၍ ပြန်သွားလိမ့်မည်ထင်၍ကလေးငယ်ကို သစ်ပင်ခွကြား၌တင်ထား၏ ထိုရဟန်းသည် နတ်သားငယ်ကိုမြင်ချိန်၌ ပုဆိန်အရှိန်သတ်၍မရတော့ပဲ နတ်ငယ်ကလေး၏လက်မောင်းကို ဖြတ်မိလေ၏။

နတ်သမီးသည်သားဇောဖြင့် ဒေါသအမျက် ပြင်းစွာထွက်ပြီး ထိုရဟန်းကိုသတ်တော့အံ့ဟု လက်နှစ်ဖက်ကို မြှောက်ပြီးမှ ချက်ခြင်းပင်စဉ်းစားမိ၏။

“ဤရဟန်းသည် သီလရှိ၏၊ ငါသည် သီလရှိသောသူကို သတ်မိလျှင် ငရဲသို့လားရမည်၊ အခြားနတ်တို့ကလည်း မိမိ၏ သစ်ပင်ခုတ်လှဲသော ရဟန်းတို့ကိုမြင်လျှင် ဤနတ်သမီးသည်ပင်လျှင် ရဟန်းတို့ကိုသတ်၏ဟု ငါ့ကိုပမာပြုပြီး ရဟန်းတို့ကို သတ်ကြလိမ့်မည်၊ ဤရဟန်းတွင်ဆရာအရှင်ရှိ၏ ဆရာဖြစ်သော ဘုရားရှင်အားသာလျှင် တိုင်ကြားအံ့”

ဟုစဉ်းစား၍ မြှောက်ထားသောလက်တို့ကိုချကာ ငိုကြွေးလျက်မြတ်စွာဘုရားထံသို့သွား၏။ မြတ်စွာဘုရားသခင်သည်နတ်သမီးကိုမြင်လျှင်....

“အဘယ်ကြောင့် ငိုကြွေး၍ ရပ်နေသနည်း” ဟု မိန့်တော်မူလျှင်

WWW.DHAMMARANSI.COM



နတ်သမီးက "အရှင်ဘုရား၏ တပည့်သာဝကဖြစ်သော ရဟန်းသည် ဤသို့ပြုမူပါသည်၊ တပည့်တော်မ သည်လည်း ဒေါသပြင်းစွာထွက်၍ဤရဟန်းအားသတ်ရန်ပြုပြီးမှ ဤသို့ စဉ်းစားမိပြီး ဘုရားရှိရာသို့လာရပါသည်"ဟုလျှောက်ကြား၏။ ထိုလျှောက်ကြားချက်စကားကိုကြား၍ မြတ်စွာဘုရားက....

"နတ်သမီး။ ။သာဓု-သာဓု၊ ကောင်းစွ-ကောင်းစွ။ နတ်သမီးပြုအပ်သော အမှုသည် ကောင်းလှ၏၊ ဤသို့သော ဒေါသကိုအချိန်မီ ဆုံးမနိုင်ခြင်းသည် ဒုက္ခကိုငြိမ်းစေတတ်သော အကြောင်းတည်း"ဟု မိန့်တော်မူ၍....

(၂၂၂) ယော ဝေ ဥပ္ပတိတံ ကောဓံ၊
ရထံ ဘန္တံဝ ဝါရယေ။
တမဟံ သာရထိံ ဗြူမိ၊
ရသ္မိဂ္ဂါဟော ဣတရော ဇနော။

(၂၂၂) အကြင်သူသည် အဟုန်ဖြင့်ပြေးသွားသောရထားကို ကောင်းစွာထိန်းသိမ်းရပ်တန့်နိုင်သကဲ့သို့၊ ပြင်းထန်သော အမျက်ဒေါသကို ဟန့်တားနိုင်စွမ်းရှိ၏။ ထိုသူကို ရထားထိန်းအစစ်ဟူ၍ ငါဘုရားဟော၏။ အမျက်ဒေါသကို မဟန့်တားနိုင်သော လူအပေါင်းသည် ရထား၏ကြိုးကိုင်မျှ သာတည်း။

ဒေသနာတော်၏အဆုံး၌ နတ်သမီးသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

## လက်ငင်းအကျိုး ခံစားရပုံ

နတ်သမီးသည် သောတာပန်ဖြစ်သော်လည်း ငိုကြွေးလျက်ရပ်နေ၏။ မြတ်စွာဘုရားက နတ်သမီးကို အဘယ်ကြောင့်နည်း

WWW.DHAMMARANSI.COM



ဟု မေးသောအခါ တပည့်တော်မ၏ဗိမ္ဗာန်သည် ပျက်စီးခဲ့ပါပြီ၊ ယခုအဘယ်၌နေရမည်မသိပါဟုလျှောက်သော် နတ်သမီး မစိုးရိမ်နှင့်၊ သင့်အား ဗိမ္ဗာန်ကိုပေးအံ့ဟု ဇေတဝန်ကျောင်း ဂန္ဓကုဋိအနီး၌ ယမန်နေ့ကပင် စုတေ၍သွားသော နတ်တပါး၏ သစ်ပင်ကိုညွှန်ပြလျက် ဤမည်သောအရပ်၌ သစ်ပင်လွတ်လပ်နေ၏၊ ထိုသစ်ပင်သို့ ချဉ်းကပ်နေယှိုင်လော့ဟု မိန့်တော်မူ၏။

ဘုရားသခင်ပေးသည့် ဗိမ္ဗာန်ပိုင်ရှင် နတ်သမီးအား တန်ခိုးကြီးသော နတ်တို့သည် တုန်လှုပ်စေခြင်းငှာမစွမ်းနိုင်။ မြတ်စွာဘုရားတရားဟောသောအခါ နတ်အပေါင်းတို့ လာရောက်ကြလျှင် တန်ခိုးကြီးသောနတ်များရောက်လာ၍ တန်ခိုးငယ်သော နတ်များ နောက်သို့ ဆုတ်ပေးရသဖြင့် အဝေးမှသာတရားနာကြားရ၏။ ထိုနတ်သမီးကား တန်ခိုးငယ်သောရုက္ခစိုးဖြစ်သော်လည်း သိကြားမင်းနှင့် မဟေသရနတ်တို့လာသည့်တိုင် မြတ်စွာဘုရားပေးထားသော ဗိမ္ဗာန်မှဖယ်ရန်မလို၊တရားတော်ကိုနီးကပ်စွာကြားနာခွင့်ရ၏။ နတ်အပေါင်းတို့နှင့်လည်း ရင်းနှီးခွင့်ရ၏။

နတ်သမီး၏အထုပ္ပတ္တိကိုအကြောင်းပြု၍ မြတ်စွာဘုရားသည် ရဟန်းတို့အားဘူတဂါမ (ဘူတဂါမ်)သိက္ခာပုဒ်ကို ပညတ်တော်မူ၏။

(ဓမ္မပဒ ကောဓဝဂ်နှစ်ခုမြောက်ရဟန်းတပါးဝတ္ထုပြီး၏။)

WWW.DHAMMARANSI.COM

## ၅။ ဒေါသမာန ရန်ပွားကြ
## ဆွေတော်မျိုးတော် ရေလုသောဝတ္ထု

ရန်လိုသူတို့ အလည်၌
ရန်မပြုပဲနေခြင်းသည်
ချမ်းသာစွာအသက်ရှည်ရ၏။
ကိလေသာအနှိပ်စက် ခံရသူတို့ အလယ်၌
ကိလေသာ အနှိပ်စက်မခံရပဲနေရခြင်းသည်
အလွန်ချမ်းသာ၏။
ကာမဂုဏ်မှုကို
ရှာနေကြသောသူတို့ အလယ်၌
ကာမဂုဏ် မှုကိုရှုမစိုက်ပဲ နေခြင်းသည်
အလွန်ချမ်းသာ၏။

ဤဒေသနာတော်ကို မြတ်စွာဘုရားသည် သက္ကတိုင်း၌ နေတော်မူစဉ်အခါ ဆွေတော်မျိုးတော်တို့ကို ရန်ငြိမ်းစေရန်ဟောကြားတော်မူခြင်းဖြစ်၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

မြတ်စွာဘုရားသခင်၏ ဆွေတော် မျိုးတော်များ ဖြစ်ကြသော သာကီဝင်မင်းတို့သည် ကပိလဝတ်ပြည်၌ရင်း၊ ကောလိယပြည်၌ရင်း နေထိုင်ကြ၏။

မင်းတို့၏လယ်ကို လုပ်ဆောင်ကြကုန်သော လယ်သမားတို့သည် ကပိလဝတ်ပြည်နှင့် ကောလိယပြည်တို့ကို နယ်နိမိတ်ပိုင်းခြားထားသည့် ရောဟနီအမည်ရှိသောမြစ်ကိုအမှီပြု၍ လယ်ကို လုပ်ကိုင်ကြ၏။

WWW.DHAMMARANSI.COM



WWW.DHAMMARANSI.COM



## ရေအဝေ မတည့်ခြင်း

နယုန်လ၌မိုးမရွာသေး၍ စပါးပင်တို့သည် ရေမရပဲ ညှိုးကုန်၏။ နှစ်ပြည်ထောင်၌နေကုန်သော လယ်သမားတို့သည် အစည်းအဝေးတခု ပြုလုပ်ကြကုန်၏။

ကောလိယပြည်သားတို့က ဤရေကိုနှစ်ပြည်ထောင်သားကို အသုံးပြုလျှင် သင်တို့အတွက်လည်း မလောက်၊ ငါတို့အတွက်လည်း မလောက်မငှဖြစ်မည်။

ငါတို့၏ကောက်ပင်တို့သည် ရေတကြိမ်လောက် ဝဝလောင်းရလျှင် မှည့်၍ရိတ်ရလိမ့်မည်၊ ဤရေကိုငါတို့ကောလိယလယ်သမားများကိုသာ အသုံးပြုခွင့်ပေးပါဟု ဆိုကြ၏။

ကပိလဝတ်ပြည်သားတို့ကလည်း သင်တို့က ဤရေကို တဦးတည်းသုံးပြီး သင်တို့ကျီကြတို့တွင် စပါးအပြည့်သိပ်ထားပြီးမှ ငါတို့က ရွှေငွေတွေ အိတ်ယဲထည့်ယူလာပြီး သင်တို့ အိမ်ပေါက်စေ့ ကိုလှည့်မနေနိုင်ပါ၊ ငါတို့ရဲ့ ကောက်ပင်တွေကလဲ့ ဒီလိုပဲ ရေတကြိမ်လောင်းလိုက်ရင် အောင်မှာပါ၊ ဒီတော့ရေကို ငါတို့ပဲ သုံးပါရစေဘု ပြောကြ၏။

"ငါတို့ကတော့-မပေးနိုင်ဘူး"

"ငါတို့ကလည်း မပေးပါဘူး"

ဤသို့ တဖက်နှင့်တဖက် အငြင်းပွားယင်း ကောလိယ ပြည်သားတယောက်က ကပိလဝတ် လယ်သမားတယောက်ကို ထ၍ ရိုက်၏။

ကပိလဝတ် ပြည်သားကလည်း ပြန်ရိုက်၏။ ဤသို့ဖြင့် တယောက်နှင့်တယောက် ရိုက်ပွဲကအစ ရေဝေချမ်းရေး အစည်းအဝေးမှ အချင်းချင်းရိုက်ပွဲကြီးဖြစ်သွားလေတော့၏။

WWW.DHAMMARANSI.COM



## ရိုက်ပွဲကြီးမှ စစ်ပွဲကြီးသို့

ဤသို့ရိုက်ပွဲကြီးကို လူကြီးလုပ်သူများက ဖြန်ဖြေကြသဖြင့် ကောလိယပြည်သားတို့သည် ကောလိယဘက်ကမ်းသို့ ရောက်သွားကြပြီး ကပိလဝတ်ပြည်သားတို့သည် ကပိလဝတ်ပြည်ဘက်တွင် စုရုံးမိကြ၏။

ရိုက်ပွဲပြီးသော်လည်း လူစုမခွဲကြသေးပဲ တဘက်နှင့်တဘက် စကားစစ်ပွဲ ဆင်နွှဲနေကြပြန်၏။

ကောလိယပြည်မှ လယ်သမားတို့က ပြောကြ၏။ သင်တို့ "ကပိလဝတ်ပြည်က ခွေးတိရစ္ဆာန်တွေလို ကိုယ့်နှမကိုယ်ပြန်ယူတဲ့လူတွေရဲ့ ဆင်မြင်းလက်နက်တွေက ငါတို့ကို ဘယ်တော့မှ နိုင်အောင်မတိုက်နိုင်ဘူးဟေ့ ...."

ကပိလဝတ်ပြည်က လယ်သမားများက အော်ဟစ်၍ ဆဲရေးကြပြန်၏။

"ကောလိယက လူကြီးတွေ မင်းတို့ဆီက အနူလေးတွေကို ပြန်ခေါ်သွားကြပါ၊ မင်းတို့ကောလိယမင်းမျိုးဟာ အားကိုးရာမရှိ နေစရာအိမ်မရှိပဲ တိရစ္ဆာန်တွေလို ကလောပင်ရဲ့သစ်ခေါင်းထဲမှာနေကြရတာ၊ ကလောပင်အောက်မှာ နေတဲ့သူတွေရဲ့ ဆင်မြင်းလက်နက်တွေကို ဒို့မကြောက်ဖူးကွ" ဟုပြန်လှန်ပြောကြပြန်သည်။

## တဆင့်စကား တဆင့်နားကြောင့်

ထိုလယ်သမားတို့သည် လယ်ယာနှင့်ဆိုင်သော အမတ်ထံသို့ သွား၍ လျှောက်ထားကြ၏။

ထိုအမတ်တို့က သက်ဆိုင်ရာလယ်ယာဝန်ကြီးတို့ကိုလျှောက်ထားကြပြန်၏။

WWW.DHAMMARANSI.COM



လယ်ယာဝန်တို့တ မင်းဆွေမင်းမျိုးတို့ကို လျှောက်ထားကြပြန်၏။

မင်းဆွေမင်းမျိုးတို့က ကောလိယ လယ်သမားတို့၏ရိုင်းစိုင်းသောစကားကိုကြားရလျှင် ဒေါသအမျက် ထွက်ကြ၏။

သာကီဝင်တို့၏မာနဖြင့် ဤသို့ဆိုကုန်၏။

"ဟေ့။ ။ကိုယ့်နှမကိုယ် ပြန်ယူတဲ့ သာကီဝင်တွေ ရဲ့ အစွမ်းကိုသိရစေမဟေ့...."

ဟုဆိုကာ စစ်ရေးကိုပြင်ဆင်လျက် စစ်တပ်ကြီးနှင့်ထွက်လာကြ၏။

ကောလိယမင်းသားတို့ကလည်း ဒေါသနှင့် မာနတို့လွှမ်းမိုးလျက်-

"ဟေ့။ ။ကလေဝပင်က ဖြစ်လာတဲ့ မင်းသား တွေရဲ့ အစွမ်းကို သိရစေမဟေ့"ဟုဆိုကာ စစ်ဆင်လျက်ထွက်ကြ၏။

## မြတ်စွာဘုရားသခင် ရှုမြင်တော်မူခြင်း

မြတ်စွာဘုရားသခင်သည် မိုးသောက်အခါ၌ လောကကို ရှေ့ဉာဏ်တော်ဖြင့် ရှုကြည့်တော်မူသည်ရှိသော် ဆွေတော်မျိုးတော်တို့၏အဖြစ်ကိုမြင်သဖြင့် ငါဘုရား မသွားခဲ့သည်ရှိသော် ဤသူတို့သည် ပျက်စီးကြပေတော့မည်၊ ငါဘုရားသွားခြင်းငှာ သင့်၏ဟုကြံ၍ ကိုယ်တော်တည်းသာလျှင် ကောင်းကင်ခရီးဖြင့် ကြွ၍ ရောဟိနီမြစ်၏အလယ် ကောင်းကင်ထက်၌ ထက်ဝယ်ဖွဲ့ ခွေ နေတော်မူ၏။

နှစ်ဖက်သောတိုင်းပြည်မှ ဆွေတော်မျိုးတော်တို့သည် မြတ်စွာဘုရားကိုမြင်လျှင် လက်နက်တို့ကိုချ၍ ရှိခိုးကြ၏။

ထိုအခါမင်းသားတို့ကို မြတ်စွာဘုရားသည် မိန့်တော်မူ၏။

WWW.DHAMMARANSI.COM



"မြတ်သောမင်းအပေါင်းတို့။ ။ဘယ်လို အကြောင်းက စပြီး ခိုက်ရန်ဖြစ်ပွားကြသနည်း"

"မသိပါဘုရား"ဟု လျှောက်ထားကြ၏။

"ယခု-ဘယ်သူသိသနည်း"

"အိမ်ရှေ့မင်းသား သိပါလိမ့်မည်"

ထိုအခါ အိမ်ရှေ့မင်းက....

"တပည့်တော်လည်းမသိပါဘုရား"

"သို့ဖြစ်လျှင် မည်သူသိမည်နည်း"

"အမတ်စစ်သူကြီး သိပါသည်ဘုရား"

အမတ်စစ်သူကြီးကိုမေးသောအခါလည်းမသိ....။

ဤသို့ တဆင့်ဘဆင့်ဖြင့် လယ်သမားတို့ထံ ရောက်သွားတော့၏။

ထိုအခါ လယ်သမားတို့က-

"ရေကို လိုချင်ကြသည့်အကြောင်းမှစ၍ အဓိကရုဏ်းဖြစ်ရပါသည်ဘုရား"ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားက-

"မြတ်သောမင်းတို့။ ။ရေသည် တန်ဘိုးမည်မျှ ထိုက်သနည်း"

"အရှင်ဘုရား အနည်းငယ်မျှသာထိုက်ပါ၏"

"မြတ်သောမင်းတို့။ မင်းမျိုးတို့သည် တန်ဖိုးမည်မျှထိုက်သနည်း"

"အရှင်ဘုရား မင်းတို့မည်သည်ကား အဖိုးမဖြတ်နိုင်ပါ"ဟု လျှောက်ကြ၏။

ထိုအခါ မြတ်စွာဘုရားက-

WWW.DHAMMARANSI.COM

"သင်တို့သည် အနည်းငယ်သော ရေကို အကြောင်းပြု၍ အဖိုးမဖြတ်နိုင်သောမင်းတို့၏အသက်ကို ဖျက်ဆီးရန်မသင့်"ဟု မိန့်တော်မူ၏။

နှစ်ပြည်သောမင်းတို့သည် ဆိတ်ဆိတ်နေကုန်ကြ၏။ ထိုအခါ၌ ထိုသူတို့ကို မြတ်စွာဘုရားသည်ခေါ်တော်မူ၍....

"မြတ်သောမင်းတို့....ဤသို့သောအမှုကို အဘယ်ကြောင့်ပြုကြကုန်သနည်း။ ငါဘုရားသာမရှိခဲ့သော် ယနေ့ကောလိယနှင့် ကပိလတို့၏ သွေးတို့သည် မြစ်ကဲ့သို့ စီးကုန်လတံ့။

သင်တို့ပြုသောအမှုသည်မသင့်၊ သင်တို့သည် ငါးပါးသော ရန်တို့ဖြင့် ပိုင်းရံ၍နေ၏၊ ငါသည်ရန်မရှိပဲနေရ၏။

သင်တို့သည် ကိလေသာ ရိုက်ခတ်ခြင်းဖြင့် နေရကုန်၏။ ငါသည် ကိလေသာဖြင့် နာကျင်ခြင်းမရှိ။

သင်တို့သည် ကာမဂုဏ်ကိုရှာမှီးအံ့သောငှာ အားထုတ်လျက် နေကုန်၏။ ငါဘုရားသည် အားမထုတ်ပဲ ကြောင့်ကြမှုမရှိပဲ နေ၏၊ ဤသို့မိန့်တော်မူ၍ ဂါထာကိုဟောတော်မူ၏။

(၁၉၇) သုသုခံ ဝတ ဇီဝါမ၊ ဝေရိနေသု အဝေရိနော။
ဝေရိနေသု မနုဿေသု၊ ဝိဟရာမ အဝေရိနော။

(၁၉၈) သုသုခံ ဝတ ဇီဝါမ၊ အာတုရေသု အနာတုရာ။
အာတုရေသု မနုဿေသု၊ ဝိဟာရာမ အနာတုရာ။

(၁၉၉) သုသုခံ ဝတ ဇီဝါမ၊ ဥဿုကေသု အနုဿုကာ။
ဥဿုကေသု မနုဿေသု ဝိဟာရာမ အနုဿုကာ။

(၁၉၇) ရန်ပြုတတ်သူတို့အလယ်၌ရန်မပြုကြကုန်ပဲ အဲလွန်ချမ်းသာစွာ ငါတို့အသက်မွေးနိုင်ကြကုန်၏။ ရန်ပြုသော သူတို့ အလည်၌ ရန်မရှိပဲ ငါတို့နေနိုင်ကြကုန်၏။

WWW.DHAMMARANSI.COM



၁၉၈။ ကိလေသာ အနှိပ်စက်ခံရသော သူတို့အလယ်၌ ကိလေသာ အနှိပ်စက် မခံရကုန်ပဲ အလွန်ချမ်းသာစွာ ငါတို့ အသက် မွေးနိုင်ကြကုန်၏။ ကိလေသာ အနှိပ်စက်ခံရသော သူတို့ အလယ်၌ ကိလေသာ အနှိပ်စက်မခံရပဲ ငါတို့နေနိုင်ကြ ကုန်၏။

၁၉၉။ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သောသူတို့အလယ်၌ ကာမ ဂုဏ်ကို ကြောင့်ကြမစိုက်ကုန်ပဲ အလွန်ချမ်းသာစွာ ငါတို့ အသက်မွေးနိုင်ကြကုန်၏။ ကာမဂုဏ်ကို ကြောင့်ကြစိုက် ကုန်သော လူတို့အလယ်၌ ကာမဂုဏ်ကို ကြောင့်ကြမစိုက် ကြကုန်ပဲ ငါတို့နေနိုင်ကြကုန်၏။

ဒေသနာတော်အဆုံး၌ များစွာကုန်သောသူတို့သည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

(ဓမ္မပဒ သုခဝဂ် တခုမြောက် ဆွေတော်မျိုးတော်တို့ဝတ္ထု ပြီး၏။)

WWW.DHAMMARANSI.COM

# ၆။ မာန်မာနထား ဒေါသပွား

## (ဝိဋဋူဘဝတ္ထု)

မရသေးသည်ကို တောင့်တ
ရပြီးသည်ကို တွယ်တာ
ကာမဂုဏ်ကြော့မှာ နစ်မြောမေ့လျော့နေသူတို့အား
အိပ်ပျော်နေသောရွာကို ရေအဟုန်သည်
လွှမ်းမိုးတိုက်ယူသွားသကဲ့သို့
မေ့လျော့ပျော်ပါးနေစဉ်ပင်
သေမင်းသည် ဆွဲငင်ယူသွားလေ၏။

ဤဒေသနာတော်ကို သာဝတ္ထိပြည်၌ စံတော်မူစဉ် မြစ်ရေလွှမ်း၍ မျောပါသေဆုံးကြရသော ဝိဋဋူဘမင်းသားနှင့် လူပေါင်းများစွာတို့ကိုအကြောင်းပြု၍ ဟောကြားတော်မူလေ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း


ဤဝတ္ထုသည်ကောသလမင်းကို အမှီပြု၍ ဖြစ်ပေါ်ခဲ့ရသောကြောင့် ကောသလမင်း၏အကြောင်းကိုရင်း၊ ဗန္ဓုလစစ်သူကြီးကို ပြစ်မှားမိသဖြင့် ကောသလမင်းကြီးပျက်စီးရ၍ ဝိဋဋူဘမင်းဖြစ်ရခြင်းအကြောင်း၊ ဗန္ဓုလစစ်သူကြီးနှင့် မလ္လိကာမိဖုရားတို့၏ဝတ္ထုများကိုပါ ဖော်ပြသွားမည် ဖြစ်ပါသည်။

### ငယ်သူငယ်ချင်း သုံးယောက်

သာဝတ္ထိပြည် မဟာကောသလမင်းကြီး၏ သားတော်သည် ပသေနဒီကောသလမင်းသား အမည်ရှိ၏။

ဝေသာလီပြည် လိစ္ဆဝီမင်း၏သားတော်သည် မဟာလိမင်းသားအမည်ရှိ၏။

WWW.DHAMMARANSI.COM



WWW.DHAMMARANSI.COM



ကုသိနာရုံပြည်မလ္လမင်း၏ သားတော်သည်ဗန္ဓုလ အမည်ရှိ၏။

ဤမင်းသားသုံးယောက်တို့သည် တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီးထံ၌ ပညာသင်ကြားကြ၏။

စားအတူ သွားအတူ အိပ်အတူ အလွန်ချစ်ကြသော သူငယ်ချင်း သုံးယောက်ဖြစ်၏။

တက္ကသိုလ်ပြည်တွင် ပညာစုံကြသော် သုံးယောက် စလုံး တပြိုင်နက်ပင် မိမိတို့နိုင်ငံအသီးသီးသို့ ပြန်ခဲ့ကြ၏။

ပသေနဒီမင်းသားသည် ခမည်းတော်မင်းကြီးအား တဆယ့်ရှစ်ရပ်သော အတတ်တို့ကို ပြသသည်ရှိသော် တိုင်းပြည်အုပ်ချုပ်မင်းလုပ်နိုင်သော အရည်အချင်းပြည့်ဝပြီကို မြင်သဖြင့် မဟာကောသလမင်းကြီးက သားတော်အား ပသေနဒီကောသလမင်း အမည်ဖြင့် အဘိသိက်သွန်းဘော်မူ၏။

မဟာလိမင်းသားသည် လိစ္ဆဝိမင်းတို့အလယ်တွင် အတတ်ပညာကိုပြသရာတွင် ဝိရိယလွန်ကဲစွာ ပြသခြင်းကြောင့် မဟာလိမင်းသားသည် အတတ် ပညာတို့ကို ပြသစဉ်ပင် မျက်စိတို့ ကွဲပျက်၍သွား၏။

မဟာလိမင်း၏ ထူးကဲသော ပညာစွမ်း တို့ကို မြင်ကြရသဖြင့် လိစ္ဆဝိမင်းတို့သည် မဟာလိမင်းသားအား ပညာစွမ်းကို ချီးမြှင့်ရန် တိုင်ပင်စည်းဝေး၍ အခွန်တသိန်းထွက်သော မြို့တံခါးတခုကို ပေးကြ၏။ မဟာလိမင်းသားသည် ထိုမြို့တံခါး၌ပင် လိစ္ဆဝိမင်းသားငါးရာတို့ကို အတတ်ပညာသင်ပေးလျက်နေ၏။

WWW.DHAMMARANSI.COM



## ဆေးမျိုးတို့ကိုစိတ်နာသော ဗန္ဓုလမင်းသား

ကုသိနာရုံပြည် မလ္လမင်း၏သားတော် ဗန္ဓုလမင်းသားသည် တက္ကသိုလ်မှ ပညာစုံ၍ တိုင်းပြည်သို့ပြန်ရောက်သော် ပရိသတ် ဗိုလ်ပုံအလယ်၌ ပညာစွမ်းကိုပြရန် စီစဉ်၏။

မလ္လမင်းတို့သည် ဗန္ဓုလမင်းသား၏ အစွမ်းကိုသိလို၍ အတောင်ခြောက်ဆယ်-အတောင်ခြောက်ဆယ်စီရှိသော ဝါးတို့ကို ယူ၍အလယ်၌ သံတိုင်တချောင်းကို ထည့်သွင်းပြီး ဝါး အစည်း ခြောက်ဆယ်တို့ကို စိုက်ထောင်၍ ဗန္ဓုလမင်းသားအား ထိုဝါး စည်းကိုတို့ ဖြတ်စေ၏။

ဗန္ဓုလမင်းသားသည် အတောင်ရှစ်ဆယ်မျှလောက်ကောင်း ကင်သို့ ခုန်တက်၍ သံလျက်(ဓား)ဖြင့် ပိုင်းဖြတ်၍သွားလေ၏။

နောက်ဆုံးဝါးစည်း၌ သံတိုင်သံချောင်းကို သံလျက်ဓားဖြင့် ထိ၍ 'ချွင်'ဟု မြည်သောအသံကိုကြား၍ ဘာသံနည်းဟု မေး၏။ ဝါးအစည်းခြောက်ဆယ်တွင် ဝါးစည်းတိုင်း၌ သံတိုင်တ ချောင်းစီထည့်၍ထားသည်ဟု ကြားရသော် သံလျက်ကိုပစ် ချ၍ ရှိုက်ကြီးတငင် ငိုကြွေးပြီးနောက်-

ငါ့တွင်ဆွေမျိုးများစွာရှိပါလျက် တယောက်မျှ ငါ့အပေါ် မှာ မချစ်၍ သံတိုင်သံချောင်းထည့်ထားသည်ကို တယောက် မျှမပြောကြား၊ ငါသာ ကြိုတင်သိလျှင် သံတိုင်သံချောင်း၏ အသံကို မကြားရအောင် ဖြတ်ပိုင်းမည်ဖြစ်၏ဟု ပြော၏။

ထိုနောက် မိခင် ဖခင်တို့အားပြော၏။ မလ္လမင်းတို့ကိုသတ် ၍ မင်းအဖြစ်ကို ယူမည်ဟု ဆို၏။ မိခင်ဖခင်တို့က အကြောင်း အမျိုးမျိုးပြ၍ တားမြစ်၏။

WWW.DHAMMARANSI.COM



ဗန္ဓုလမင်းသားသည် ဤသို့ဆိုလျှင် ဤဆွေမျိုးတို့အလယ်မှာ မနေလို၊ သူငယ်ချင်းဖြစ်သော ပသေနဒီကောသလမင်းထံ သွားမည်ဟု ဆွေမျိုးတို့ကို စိတ်နာကာ သာဝတ္ထိပြည်သို့ သွားလေ၏။

ပသေနဒီကောသလမင်းသည် ဗန္ဓုလမင်းသားကို ကြိုဆို၍ ကြီးကျယ်စွာသော ချီးမြှင့်ခြင်းကိုပြုပြီး စစ်သူကြီးအရာ ထားလေ၏။

ဗန္ဓုလစစ်သူကြီးသည် မိခင် ဖခင်တို့ကို ခေါ်ယူပြီး သာဝတ္ထိပြည်၌ပင် နေလေ၏။

တနေ့တွင် ကောသလမင်းကြီးသည် လေသာပြတင်းမှ ကြည့်လေလျှင် သံဃာတော်အပေါင်းတို့သည် အနာထပိဏ်သဌေး၏ အိမ်သို့၎င်း၊ စူဠအနာထပိဏ်သဌေး၏အိမ်သို့၎င်း၊ ဝိသာခါ ဒါယိကာမ၏အိမ်သို့၎င်း၊ သုပ္ပဝါသာ ဥပါသိကာမ (အရှင်သီဝလီ၏ မယ်တော်)တို့၏အိမ်သို့၎င်း၊ ဆွမ်းစားရန် ကြွသွားသည်တို့ကို မြင်တော်မူ၏။

ထိုအိမ်တို့တွင် ရဟန်းတော်ငါးရာမျှအတွက် ဆွမ်းဘုဉ်းပေးရန် ယာဂုဆွမ်း အချိုအချဉ်ခဲဘွယ်ဘောဇဉ်၊သောက်ရေ သုံးရေ ခြေဆေးရေမှစ၍ ရဟန်းတော်ငါးရာအတွက် နေရာထိုင်ခင်းနှင့်တကွ နေ့စဉ် ပင့်ဖိတ်၍ ထားပေ၏။

ရဟန်းတော်တို့သည် ပြုစုလုပ်ကျွေးကြမည့် ဒါယကာ၊ဒါယိကာမများနှင့်တကွ ခရီးဦးကြိုဆို လိုလေသေးမရှိအောင် ရှိသေသဒ္ဓါကြည်ညိုစွာဖြင့် လုပ်ကျွေးပြုစုကြသော ထိုအိမ်များသို့ ကြွရောက်၍ ဆွမ်းစားခြင်းအမှုကို ပြုကြ၏။

အနာထပိဏ်သဌေး၏ အိမ်၌ နေ့စဉ်မပြတ် သံဃာတော်များ

WWW.DHAMMARANSI.COM



ကြွကြ၏။ စူဠအနာထပိဏ်သဌေးအိမ်၌ရင်း။ ဂိသာခါဒါယိကာမ၏အိမ်၌ရင်း၊ သုပ္ပဝါသာ၏အိမ်၌ရင်း၊ ငါးရာငါးရာကုန်သော ရဟန်းတို့သည် နေ့စဉ်မပြတ် ကြွသွားတော်မူကြ၏။

**ကောသလမင်းကြီး အားကျတော်မူခြင်း**

ကောသလမင်းကြီးသည် ဤနည်းတူစွာ ရဟန်းသံဃာတော်တို့ မိမိ၏နန်းတော်တွင် အစဉ်မပြတ်ကြွရောက်စေလို၏။

ထိုကြောင့် ကျောင်းတော်သို့ သွားရောက်ပြီးလျှင် ရဟန်းတထောင်နှင့်တကွ မြတ်စွာဘုရားကို ပင့်ဖိတ်၍ ခုနစ်ရက်ပတ်လုံး ကိုယ်တိုင်ပင်မိမိ၏လက်ဖြင့် အလှူကြီးကိုပေးလှူပြီးနောက် ခုနစ်ရက်မြောက်သောနေ့၌ မြတ်စွာဘုရားကို လျှောက်ထား၏၊

"အရှင်မြတ်ဘုရား၊ အရှင်မြတ်နှင့်တကွ ငါးရာသောရဟန်းတို့သည် အမြဲမပြတ် တကာတော်၏ဆွမ်းကို ခံယူသုံးဆောင်တော်မူကြပါ"ဟု လျှောက်ကြား၏။

မြတ်စွာဘုရားက-

"ဒါယကာမင်းမြတ်....ဘုရားတို့မည်သည် အရပ်ဒေသတခုတည်း၌ အမြဲမပြတ် ဆွမ်းကိုမခံယူကြ၊ များစွာသောလူတို့သည် ဘုရားသခင် ကြွလာတော်မူခြင်းကို မျှော်လင့်ကြ၏" ဟု မိန့်တော်မူ၏။

ဤသို့ဖြစ်လျှင် ရဟန်းတော်ငါးရာ နေ့စဉ်မပြတ် ကြွလာဘုဉ်းပေးတော်မူရန် စေလွှတ်တော်မူပါဟု လျှောက်ထား၏။

မြတ်စွာဘုရားသခင်သည် ရှင်အာနန္ဒာမထေရ်ကို တာဝန်ထား၍ ရဟန်းတော်ငါးရာနှင့်တကွ နေ့စဉ် ကြွစေ၏။

ကောသလမင်းကြီးသည် ရဟန်းတော်တို့အား မည်သူမည်ဝါတို့ ပြုစုလုပ်ကျွေးစေဟု စီမံခန့်ခွဲခြင်းမပြုပဲ ကိုယ်တော်တိုင်

WWW.DHAMMARANSI.COM



သာ လုပ်ကျွေးတော်မူ၏။ ခုနစ်ရက်ပြည့်၍ ရှစ်ရက် မြောက် သောအခါ၊ ပင်ပမ်းလှသဖြင့် ကိုယ်တော်တိုင် မလုပ်ကျွေးပဲ နေခဲ့၏။

မင်းမှုထမ်းတို့မည်သည် မခိုင်းစေလျှင် ဘာကိုမျှမလုပ်၊ သို့ ဖြစ်၍ ရဟန်းတော်တို့ ကြွလာလျှင် နေရာခင်းထားခြင်းလည်း မရှိ၊ ပြုစုလုပ်ကျွေးမည့်သူလည်း အတည်တကျမရှိသဖြင့် များ စွာသောရဟန်းတို့သည် အနာထပိဏ်၊ ဝိသာခါ စသောမဏ္ဍပ် များသို့သာ ကြွသွားကြ၏။

သုံးရက်မြောက်သော် အရှင်အာနန္ဒာမထေရ် တပါးတည်း သာ ကျွန်တော့၏။ အကြောင်းကြောင်းကိုထောက်ညှာ၍ ကရု ဏာတော်ဖြင့် ဒါယကာတို့၏ သဒ္ဓါတရားကို စောင့်ရှောက် သောအားဖြင့် တည်နေတော်မူ၏။

လေးရက်မြောက်သောနေ့၌ မင်းကြီးသည် သတိရ၍ အလှူ မဏ္ဍပ်သို့ လာခဲ့၏။ ဆွမ်းခဲဘွယ်ဘောဇဉ်ဟူသည် ထားမြဲတိုင်း နေရာတို့၌ပင် ရှိနေသည်ကိုမြင်၍ အဘယ်ကြောင့် ဤဆွမ်းခဲ ဘွယ် ဘောဇဉ်တို့ ကျန်ရှိနေရသနည်းဟု မေးတော်မူသော်.... ရဟန်းတော်များ ကြွမလာကြပါ။ ရှင်အာနန္ဒာ တပါးတည်း သာ ကြွလာသဖြင့် ဤဆွမ်းခဲဘွယ်ဘောဇဉ်တို့ ဤအတိုင်းသာ ကျန်ရှိနေပါသည်ဟု လျှောက်ထားကြ၏။

ကောသလမင်းကြီးသည် ငါ၏ဥစ္စာပစ္စည်းတို့ အလဟဿ ကုန်ရသည်ဟု ရဟန်းတို့အား အမျက်ထွက်၍ မြတ်စွာဘုရားထံ သွားရောက်တိုင်ကြား၏။

"အရှင်မြတ်ဘုရား....တကာတော်သည် ရဟန်းတော်ငါးရာ ပင့်ဖိတ်၍ ဆွမ်းတို့ကို ချက်ပြုတ်၍ထားပါသည်၊ ထိုရဟန်းငါးရာ

WWW.DHAMMARANSI.COM



တို့သည် တကာတော်၏ နန်းအိမ်တော်၌ ဆွမ်းဘုဉ်းပေးခြင်း မပြုသဖြင့် နေ့စဉ် ဆွမ်းနှင့် ခဲဘွယ်ဘောဇဉ်တို့ အလဟဿဖြစ်ရပါသည်''ဟု တိုင်ကြား လျှောက်ထား၏။

အကြွမ်းမဝင်ခြင်းကိုးပါး

မြတ်စွာဘုရားသခင်သည် ရဟန်းတို့အား အပြစ်ဆိုတော်မမူပဲ

''တကာတော်မင်းကြီး... ငါ၏ သားတော်တို့သည် အသင်မင်းကြီးနှင့် အကျွမ်းဝင်ခြင်းမရှိသောကြောင့်သာ မကြွကြခြင်း ဖြစ်ပေလိမ့်မည်''

ဟု မိန့်တော်မူပြီး ရဟန်းတို့ကို ခေါ်တော်မူ၍ ဒါယကာတို့ထံ မသွားရောက်အပ်သော အကြောင်းကိုးပါးကိုရင်း၊ သွားရောက်သင့်သော အကြောင်းကိုးပါးကိုရင်း ပြတော်မူ၏။

ချစ်သား ရဟန်းတို့.... အင်္ဂါ ၉-ပါးနှင့် မပြည့်စုံသော အိမ်သို့ မကြာခဏ မသွားအပ်၊အကျွမ်းတဝင်မရှိအပ်၊ထိုသို့ အကျွမ်းမဝင်ခြင်း ကိုးပါး ဟူသည်ကား-

၁။ လိုလိုလားလားဖြင့် ခရီးဦးမကြိုဆိုခြင်း၊
၂။ နှစ်သက်ခြင်းဖြင့် ရှိခိုးသစ္စာရှိမခိုးခြင်း၊
၃။ နှစ်သက်ခြင်းဖြင့် နေရာကိုမပေးခြင်း၊
၄။ ကြွလာသည့်အခါ လှူဒါန်းရမည်ကို မလို လား၍ အထင်အရှားရှိသော ဝတ္ထုပစ္စည်းတို့ကို လျှို့ဝှက်ဖွက် ထားခြင်း၊
၅။ များများလှူသင့်သည့်ပစ္စည်းကို နည်းနည်းသာလျှင် ပေးလှူခြင်း၊
၆။ ပေးလှူရာတွင် မရိုမသေပေးလှူခြင်း၊

WWW.DHAMMARANSI.COM



၇။ မှန်မှန်မြတ်မြတ် လှူအပ်သည်ကို ယုတ်ညံ့သောပစ္စည်းဖြင့် ပေးလှူခြင်း၊
၈။ ရဟန်းတော်များရှေ့၌ ရှိသေကောင်းမွန်စွာမနေထိုင်ခြင်း၊
၉။ တရားနာသည့်အခါ၌ တရားဟောသည့် ပုဂ္ဂိုလ်အား မြတ်နိုးမှုကို မပြခြင်း၊

ဤကိုးပါးဖြစ်၏။

အကျွမ်းဝင်ခြင်းကိုးပါး

ချစ်သားတို့....အကျွမ်းဝင်ခြင်း ၉-ပါး ဟူသည်ကား-

၁။ ဝမ်းမြောက်စွာ ခရီးဦးကြိုဆိုခြင်း၊
၂။ ရိုသေစွာရှိခိုးပူဇော်ခြင်း၊
၃။ ရိုသေစွာနေရာပေးကြခြင်း၊
၄။ အထင်အရှားရှိသော လှူဘွယ်ပစ္စည်းကို လျှို့ဝှက်၍ မထား၊
၅။ များစွာလှူအပ်သည်ကို များစွာပေးလှူ၏။
၆။ မှန်မှန်မြတ်မြတ်လှူအပ်သည်ကိုလည်း မှန်မှန်မြတ်မြတ် ပေးလှူ၏။
၇။ ရိုသေစွာပေးလှူကုန်၏။
၈။ ရိုသေကောင်းမွန်စွာ ထိုင်နေကုန်၏၊
၉။ တရားနာရာ၌ တရားဟောပုဂ္ဂိုလ်အား မြတ်နိုး၏၊

ဤကိုးပါးကုန်သော အင်္ဂါတို့နှင့်ပြည့်စုံသည့် ဒါယကာ၏ အိမ်သို့သွားခြင်းငှါ သင့်လျော်၏။ ထိုင်နေခြင်းငှါ သင့်လျော် လျောက်ပတ်၏။

ဤသို့ ဟောကြားတော်မူပြီးနောက်-

WWW.DHAMMARANSI.COM



"တကာတော် မင်းကြီး.... ငါ၏ တပည့် သာဂကတို့သည် တကာတော်မင်းကြီးထံ၌ အကျွမ်းဝင်ခြင်း မရကြသောကြောင့် မကြွလာကြသည် ဖြစ်ပေလတံ့."

"တကာတော်မင်းကြီး....ရှေးပညာရှိတို့သည် အကျွမ်းမဝင်သော နေရာ၌ ရှိသေကောင်းမွန်စွာ ပြုစုပါသော်လည်း သေတာနီးမျှလောက်သော ရောဂါဝေဒနာသို့ ရောက်သောကာလ အကျွမ်းဝင်သော ဌာနသို့သာ သွားကြလေကုန်သတည်း" ဟု မိန့်တော်မူ၍ (ကေသဝရသေ့) အတိတ်ဇာတ်ကို ဟောကြားတော်မူ၏။

## ကောသလမင်းကြီးက ဆွေမျိုးတော်လိုခြင်း

ကောသလမင်းကြီးသည် သာကီဝင်မင်းသမီးတပါးပါးကို မိဖုရားမြှောက်ရသော် ရဟန်းတော်နှင့်သာမဏေတို့က ဤမင်းကြီးသည် ငါတို့ဘုရား၏ဆွေတော်မျိုးတော်ဖြစ်ပေသည်ဟု ငါ၏နန်းတော်သို့ရဲရဲဝံ့ဝံ့ အမြဲမပြတ်လာကြလိမ့်မည်ဟု စိတ်ကူးမိ၏။

ထို့ကြောင့်ပင် သာကီဝင်မင်းတို့ထံ မင်းသမီးတပါးဆက်သရန် တမန်စေလွှတ်ပြောကြားလိုက်၏။

## သာကီဝင်မင်းသမီးနှင့် အမျိုးဆက်ခြင်း

တမန်တော်တို့ကိုမှာကြားလိုက်၏။ ဆက်သသောမင်းသမီးသည် အဘယ်အမည်ရှိသော သာကီဝင်မင်းသမီးပင်နည်းဟုမေးမြန်း၍လာခဲ့ကြလော့ဟု မှာလိုက်၏။

တမန်တို့သည် ကပိလဝတ်ပြည်သွား၍ သာကီဝင်မင်းတို့ထံ အကြောင်းစုံကိုပြောကြားပြီး သင်တို့သမီးကိုတောင်းကြ၏။

သာကီဝင်မင်းအပေါင်းတို့သည် စည်းဝေးတိုင်ပင်ကြ၏။ တိုင်းတပါးမှမင်းသည် ဆွေမျိုးဆက်လိုသဖြင့် တောင်းဆိုလာသည်ကိုမပေးခဲ့လျှင် အမျက်ဒေါသဖြင့် ငါတို့ကို ရန်မူတိုက်ခိုက်လိမ့်မည်။

သာကီဝင်မင်းတို့သည် အခြားသောအမျိုးတို့နှင့် မျိုးပွားဆက်ဆံခြင်းမရှိစကောင်း၊ အဘယ်သို့ပြုကြပါမည်နည်းဟုတိုင်ပင်ကြ၏။

## ကျွန်မ၏ သမီး

မဟာနာမမင်းကြီးက ငါ၏ကျွန်မတွင်ဖွားမြင်သော(ဝါသဘခတ္တိယာ)အမည်ရှိ သတို့သမီးသည် အလွန်ပင် လှပတင့်တယ်ပေ၏။

ထိုသတို့သမီးငယ်ကို ပေးကြအံ့ဟု တိုင်ပင်ကြ၏။

ထိုနောက် ကောသလမင်း၏ တမန်တို့အား သတို့သမီးကို ပေးမည်ဟု ဖြေကြောင်းပြန်ကြား၏။

တမန်တို့က အဘယ်သူ၏သမီးဖြစ်သည်ကို မေးကြ၏။

သာကီဝင်တို့က မြတ်စွာဘုရားဘထွေးတော်၏သား မဟာနာမ အမည်ရှိသော သာကီဝင်မင်း၏ သမီး ဝါသဘခတ္တိယာ မင်းသမီးဖြစ်သည်ဟု ပြောကြား၏။

တမန်တို့သည် သာဝတ္ထိပြည်သို့ ပြန်သွား၍ မင်းကြီးအား လျှောက်ကြား၏။

## လက်တွေ့စမ်းသပ်ခြင်း

မဟာနာမမင်း၏ သမီးတော်ကို ရသည်မှာ မှန်မြတ်လှပေသည်၊ လျင်မြန်စွာဆောင်ယူခဲ့ကြကုန်လော့။

WWW.DHAMMARANSI.COM



သို့သော် မင်းဆိုသည်မှာ ပရိယာယ်များလှသည်' ကျွန်မ၏ သမီးကိုလည်း ပို့ဆက် တတ်ကြသည်၊ မဟာနာမ မင်းနှင့် ပွဲတော်အုပ်၌ထမင်းအတူတကွ စားသောက်သုံးဆောင်သည်ကို မြင်ရမှ ဆောင်ယူခဲ့ကြလော့ဟု မှာထားလိုက်သည်။

တမန်တို့သည် ကပိလဝတ်ပြည်သို့သွားရောက်၍ မဟာနာမ မင်းကြီးအား လျှောက်ထားကြ၏။

မဟာနာမမင်းကြီးက "ကောင်းလှပါပြီ အမောင်တို့"ဟု ဝန်ခံပြီး ကျွန်မ၏သမီး ဝါသဘခတ္တိယာကိုကောင်းစွာတန်ဆာ ဆင်စေ၍ ထမင်းပွဲတော်အုပ်၌ ထိုမင်းသမီးနှင့်အတူ လက်ရေ တပြင်တည်း စားသောက်ဟန်ပြု၍ မင်းသမီးကို တမန်တို့အား ဆောင်နှင်းအပ်နှံလိုက်၏။

တမန်တို့လည်း ကောင်းမွန်ခမ်းနားစွာ ဝါသဘခတ္တိယာမင်း သမီးကို ဆောင်ယူ၍ ကောသလမင်းကြီးထံ ဆက်သကြ၏။

မင်းကြီးသည် အလွန်မြတ်နိုး၏၊ မိန်းမငါးရာတို့၏ အကြီး အကဲမိဖုရားအဖြစ် အဘိသိက်သွန်းလောင်းတော်မူ၏။

ဝိဋူဍဘအမည် မှည့်ရခြင်းအကြောင်း

ဝါသဘခတ္တိယာမိဖုရားသည် မကြာမီပင်လျှင် ရွှေအဆင်း ကဲ့သို့ အဆင်းရှိသောသားကို ဖွားမြင်လေ၏။

ပသေနဒီကောသလမင်းကြီးသည် သားယောကျ်ား ရရှိသ ဖြင့် အလွန်ဝမ်းမြောက်၏၊ မင်းသားကလေး၏အမည်ကိုပေး ရန် မဟာနာမသာကီဝင်မင်းထံ အမတ်ကြီးတယောက်ကို စေ လွှတ်လိုက်၏။

ထိုစေလွှတ်ခြင်း ခံရသောအမတ်သည် အလွန်နားလေး၏။

မဟာနာမမင်းကြီးသည် ထိုသတင်းစကားကို ကြားရသော

WWW.DHAMMARANSI.COM



အခါ ဝါသဘာဝတွင်ယာ သားမရမီကပင် လူအပေါင်းတို့ကိုစိတ်နှလုံး ညှိုးနွမ်းအောင်နှိပ်စက်ညှဉ်းပန်းခဲ့သည်၊ ယခုသားကိုဖွားမြင်လျှင် မင်းကြီးသည် အလွန်ပင်ချီးမြှောက် ချစ်ခင်ခြင်းဖြစ်ပေလိမ့်မည်ဟု ပြောကြား၏။

နားလေးသောအမတ်သည် "ဝလ္လဘ" ဟူသော စကားကို နားစွန်နားဖျားကြားပြီး "ဝိဋ္ဋူဘ" အမည်ပေးလိုက်သည်ဟု မှတ်သားပြီး ပြန်လာခဲ့၏။

ပသေနဒီကောသလမင်းကြီးအား သားငယ်ကို ဘိုးတော်မင်းမြတ်က ဝိဋ္ဋူဘအမည် ပေးလိုက်ပါသည်ဟု လျှောက်ထား၏။

မင်းကြီးသည် ထိုမင်းသားလေး၏ ရှေးက အမျိုးအဆက်အနွယ်၏ အမည်ပင်ဖြစ်ပေလိမ့်မည်ဟု ဝိဋ္ဋူဘဟူ၍ပင် မှည့်ခေါ်၏။

ခမည်းတော်သည် ထိုမင်းသား ကလေးကြောင့် မြတ်စွာဘုရားက မိမိအပေါ်တွင် ပိုမိုချစ်ခင်လိမ့်မည်ဟု တွေးဆပြီး ဘုရားထံမှ အခွင့်အရေးပိုရစေရန်ဝိဋ္ဋူဘအား စစ်သူကြီးအရာ ခန့်ထား၏။

## သာကီဝင်တို့နှင့် ထိပ်တိုက်တွေ့ခြင်း

ဝိဋ္ဋူဘမင်းသားသည် အခစောင့်အခရှောက်အခြံအရံတို့ဖြင့် နေခဲ့ရပြီး ခုနစ်နှစ်သားအရွယ်သို့ရောက်ခဲ့၏။

အခြားသော မင်းသားကလေးတို့သည် မယ်တော်၏ဘက်မှ အဘိုး၊ အဘွား ဦးရီး စသည်တို့ထံမှ ဆင်ရုပ်၊ မြင်းရုပ် အစရှိသော လက်ဆောင်တို့ရရှိသည်ကိုမြင်ရသောအခါ မယ်တော်ထံ ချဉ်းကပ်မေးမြန်း၏။ အခြားမင်းသားတို့ လက်ဆောင်များ

WWW.DHAMMARANSI.COM



ရကြသည်၊ ကျွန်ုပ်အား တစ်စုံတယောက်မျှ အစေးလက်ဆောင် မရပါ၊ မယ်တော်တွင် အမိအဖ မရှိကြသလောဟုမေးမြန်း၏။ ဝါသဘခတ္တိယာက သင်၏အဘိုးအဘွားတို့သည် သာကီဝင်မင်းတို့ဖြစ်ကြသည်၊ ခရီးဝေး၍ လက်ဆောင်ပဏ္ဏာကို မပို့ခြင်းဖြစ်သည်ဟု ကြေနပ်အောင်ပြောပြ၏။

တဆယ့်ခြောက်နှစ် အရွယ်ရောက်လျှင် မယ်တော်၏ ဆွေတော်မျိုးတော်တို့ကိုဖူးမြော်ရန် သွားလိုပါသည်ဟု ပူဆာ၏။ မယ်တော်ကအကြိမ်ကြိမ် လှည့်ပတ်ပြောဆိုသော်လည်း မရ၍ သွားခွင့်ပေးလိုက်ရ၏။

## သာကီဝင်တို့၏ မာန

ဝါသဘခတ္တိယာ သာကီဝင်တို့ထံ လူလွှတ် အကြောင်းကြား၏။ သားတော်ဝိဋူဍဘ လာပါလိမ့်မည်၊ အမျိုးအနွယ်နှင့်ပတ်သက်၍ ပြောပြတော် မမူလိုက်ကြပါနှင့်ဟု ကြိုတင်တောင်းပန်လျှောက်ထားခဲ့၏။

ဝိဋူဍဘသည် ခမည်းတော်မင်းကြီးအား လျှောက်ထား၍ များစွာသောအခြံအရံတို့ဖြင့် သာဝတ္ထိပြည်မှထွက်ခဲ့၏။

သာကီဝင်မင်းတို့သည် ဝိဋူဍဘလာလျှင် ကျွန်မ၏သားကို သာကီဝင်တို့ကရှိခိုးကောင်းသည်မဟုတ်၊ သို့ဖြစ်၍ ဝိဋူဍဘထက်ငယ်သော သာကီဝင်မင်းသား ကလေးများကို တောရွာများသို့စေလွှတ်ရှောင်ရှား နေစေ၏။

ဝိဋူဍဘရောက်လာလျှင် တိုင်းတပါးမှ လာကြသည့် မင်းများကို ညှော်ခံရန် မင်းကွန်း၌နေရာချထားညှော်ခံ၏။

ဝိဋူဍဘသည် အဘိုး၊ အဘွား၊ ဦးရီး၊ ဝရီး စသည်တို့ကို ရှိခိုးရ၏၊ မိမိကိုရှိခိုးမည့်သူကိုမတွေ့မမြင်ရ၍ မေးမြန်းကြည့်၏၊

WWW.DHAMMARANSI.COM



သင်၏ညီတော်နှမကော်ချားသည် ဘောရှုသို့သွားရောက်နေ ထိုင်ကြသည်ဟုပြောဆိုပြီး ဝိဋ္ဋဋ္ဍူဘအား လက်ဆောင်ပဏ္ဏာ များဖြင့်ပြုစုကြ၏။

ဝိဋ္ဋဋ္ဍူဘမင်းသားသည် နှစ်ရက်သုံးရက်နေ၍ ကပိလဝတ် ပြည်မှ ပြန်လာခဲ့၏။

**သာကီဝင်တို့၏မာန်မာနနှင့် ဝိဋ္ဋဋ္ဍူဘ၏ဒေါသ**

ဝိဋ္ဋဋ္ဍူဘပြန်သွားလျှင် မင်းကွန်းကိုဆေးကြောသော မိန်းမ တယောက်သည် ဝိဋ္ဋဋ္ဍူဘထိုင်ခဲ့သောနေရာပျဉ်ချပ်ကိုနွားနို့ဖြင့် ဆေးကြောယင်း ဤနေရာကား ဝါသဘခတ္တိယာကျွန်မ၏သား ထိုင်သောနေရာတည်းဟု ဆဲရေးရေရွတ်၍နေ၏၊

ဝိဋ္ဋဋ္ဍူဘ၏ မင်းချင်းတယောက်သည် မင်းကွန်းတွင် မိမိ၏ လက်နက်မေ့ကျန်ခဲ့သဖြင့် လမ်းခရီးမှ မင်းကွန်းသို့ပြန်လာစဉ် ထိုမိန်းမ၏ ဆဲရေးသံကို ကြားသဖြင့် အကျိုးအကြောင်းကို မေး၏။

ထိုမိန်းမကရှာရှည်ပြီး ဝါသဘခတ္တိယာသည် ကျွန်မ၏သမီး ဖြစ်၍ ထိုကျွန်မသား ထိုင်သောနေရာမှာ ယုတ်မာ ညစ်ညမ်း သဖြင့် ပျဉ်ချပ်တို့ကိုနွားနို့နှင့်ဆေးကြောရသည်ကို ပြောပြ၏။

မင်းချင်းသည် မိမိကျန်ခဲ့သောလက်နက်ကိုယူပြီး ပြန်သွား ရာက ထိုအကြောင်းကို တဆင့်တဆင့်ပြောကြားရင်း ဝိဋ္ဋဋ္ဍူဘ နားသို့ ပေါက်ကြား၏။

ဝိဋ္ဋဋ္ဍူဘသည် ထိုစကားကို ကြားရလျှင် ရှက်လည်းရှက် ဒေါသလည်းထွက်၏၊

တနေ့တွင် ဤပျဉ်ချပ်တို့ကို သာကီဝင်မင်း၏ လည်ချောင်း

WWW.DHAMMARANSI.COM



သွေးဖြင့် ဆေးမည်ဟု စိတ်တွင်းမှခံပြင်းသလောက် ကြံစည်ထား လေ၏။

သာကီဝင်မင်းတို့၏မာန်မာနနှင့် ဝိဋ္ဋူဘ၏ဒေါသတို့ထိပ်တိုက် တွေ့ကြလေပြီတည်း။

## ရာထူးမှ လျှော့ချခံရခြင်း

ကောသလမင်းကြီးသည် ထိုအကြောင်းကို ကြားရသဖြင့် သာကီဝင်မင်းတို့သည်ငါ့အား ကျွန်မ၏သမီးကိုပေးလေသည်ဟု ဒေါသအမျက်ချောင်းချောင်းထွက်၍ ဝါသဘခတ္တိယာမိဖုရားနှင့် သားတော်ဝိဋ္ဋူဘတို့အား အဆောင်အယောင် အားလုံး နှုတ်သိမ်း၍ ကျွန်ယောကျ်ား ကျွန်မိန်းမတို့နှင့် တန်းတူ ထား လေ၏။

## အဖ၏အမျိုးသာ ပဓာန

နှစ်ရက်သုံးရက်လွန်မြောက်လျှင် မြတ်စွာဘုရား သခင်သည် နန်းတော်သို့ကြွလာ၏။ မင်းကြီးက အရှင်ဘုရား၏ ဆွေတော်မျိုးတော်တို့သည် ကျွန်မ၏သမီးကို လိမ်လည်လှည့်ဖျား ပေးခဲ့၏။ သို့ဖြစ်၍ မိဖုရားနှင့်သားတော်တို့အား ကျွန်တို့၏အဆင့် အတန်းသို့ ထားလိုက်ပါသည်ဟု လျှောက်ထား၏။

မြတ်စွာဘုရားက သာကီဝင်မင်းတို့သည် မသင့်လျော်သည်ကို ပြုပေသည်၊ တကာတော်မင်းကြီးသည် ငါဘုရား၏စကားကို မှတ်သားနားထောင်လော့။ ဝါသဘခတ္တိယာသည် ခတ္တိယ အစစ်ဖြစ်သော အသင်၏နန်းတော်တွင် အဘိသိက်သွန်းခြင်းခံခဲ့ရ၏။ ဝိဋ္ဋူဘသည် မင်းမျိုးစစ်စစ်ဖြစ်သော သင်မင်းကြီးကို အကြောင်းပြု၍ မွေးဖွားလာ၏။

WWW.DHAMMARANSI.COM



တကာတော်မင်းကြီး။ ။အမိအမျိုးသည် အဓိကမဟုတ်၊ အဖ၏အမျိုးအနွယ်သည်သာ အဓိကဖြစ်လေသည်။

ရှေးက ထင်းခွေမိန်းမ တယောက်ကို အဂ္ဂမဟေသီ အဖြစ် မြှောက်စားခဲ့ပြီး ထိုထင်းခွေမိန်းမမှ မွေးဖွားသော သားသည် ဗာရာဏသီပြည်၌ ဘုန်းမီးနေလ တောက်ပသော မင်းဖြစ်ခဲ့ဘူးလေပြီဟု မိန့်ကြားတော်မူပြီး ကဋ္ဌဝါဟနဇာတ်ကို ဟောကြားတော်မူ၏။

# ကဋ္ဌဝါဟန အတိတ်ဇာတ်တော်

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီးအုပ်စိုးတော်မူ၏။

တနေ့သ၌ ဗြဟ္မဒတ်မင်းသည် ဥယျာဉ်တော် ကစားထွက်တော်မူရာ ဥယျာဉ်တော်၌ တကိုယ်တည်းလှည့်လည်ယင်း ထင်းခွေမိန်းမတယောက်ကို တွေ့မြင်သဖြင့် ချစ်ခင်စုံမက် နှစ်သက်မြတ်နိုးကာ ပေါင်းဖော်ခြင်းအမှု ပြုလေ၏။

ထိုထင်းခွေမိန်းမတွင် ဘုန်းကံပါရမီထူးချွန်သော ဂေါဘမဘုရားအလောင်းတော်ကို ပဋိသန္ဓေတည်နေ၏။ ထင်းခွေမိန်းမသည် ပဋိသန္ဓေတည်နေကြောင်းကိုမင်းကြီးအားလျှောက်ထား၏။ မင်းကြီးက နန်းစဉ်လက်စွပ်တကွင်း ပေးပြီး မိန်းကလေးမွေးလျှင် ဤလက်စွပ်ကို ထုခွဲရောင်းချစားသောက် လေတော့၊ သားယောကျ်ားမွေးလျှင် နန်းတော်သို့လိုက်ခဲ့ပေတော့ဟု ပြောဆိုမှာထား၏။

WWW.DHAMMARANSI.COM



WWW.DHAMMARANSI.COM



ထိုထင်းခွေမိန်းမသည် ဆယ်သခစ္စ၍ ရွှေစင်အဆင်းနှင့်တူသော သားယောကျ်ားကလေး မွေးဖွား၏။ သားငယ်ခုနှစ်နှစ်အရွယ်ရောက်၍ ဖခင်ထံပို့ပေးပါဟုပူဆာ၏။ ထင်းခွေမိန်းမသည် နန်းတော်သို့ သားတော်ကို ခေါ်သွားကာ သားကိုပြ၏။

ဘုရင်က မိမိသားမဟုတ်ကြောင်းနှင့် ထင်းခွေ မိန်းကလေးကိုမသိကြောင်း သိလျက်နှင့်ငြင်းဆို၏။ သက်သေခံ လက်စွပ်ကိုပြ၏။ မိမိလက်စွပ်မဟုတ်ဟု ငြင်းပြန်၏။

သစ္စာဓိဋ္ဌာန် ပြုခြင်း

ထင်းခွေမိန်းမသည် ဘုရင်က ငြင်းဆိုသဖြင့် အားကိုးရာမရှိတော့၊ သစ္စာကိုသာ အားကိုးရာဟူ၍....

“အရှင်မင်းမြတ်၊ ကျွန်တော်မသည် သစ္စာပြုခြင်းမှတပါး သက်သေပြစရာမရှိတော့ပါ။ ဤသားငယ်သည် အရှင်မင်းမြတ်၏ သားမှန်ပါက ကောင်းကင်၌ တည်ပါစေသတည်း၊ မဟုတ်မမှန်ပါက မြေပေါ်သို့ကျ၍သေပါစေသတည်း”ဟု သစ္စာကိုပြုပြီးလျှင် ဘုရားလောင်းသားငယ်ကို ခြေမှဆွဲ၍ ကောင်းကင်သို့ရောက်အောင် ပစ်လွှင့်လိုက်၏။

ဘုရားလောင်းသည် ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူလျက် သာယာစွာသောအသံဖြင့် ခမည်းတော်မင်းမြတ်အား....

“အရှင်မင်းမြတ် အကျွန်ုပ်သည် အရှင်မင်းမြတ်၏ သားပါတည်း၊ အရှင်မင်းမြတ်သည် ဆွေမျိုးမဟုတ်သော သူတပါးတို့ကိုပင် စောင့်ရှောက်မွေးမြူသေးသည်။ မိမိမှဖြစ်သောသားကို အဘယ်ကြောင့်မမွေးလိုသနည်း”ဟုပြောဆို၏။

WWW.DHAMMARANSI.COM



မင်းကြီးသည် ဝမ်းမြောက်လှသဖြင့် ကောင်းကင်သို့ လက်ဆန့်တန်း၍ "သားတော် လာလှည့်လော့"ဟု ခေါ်၏။

ဘုရားအလောင်းတော်သည် ခမည်းတော်၏ ရင်ခွင်တွင်းသို့ သက်ဆင်း ကြွဝင်တော်မူ၏။

ဗြဟ္မဒတ်မင်းကြီးသည် ထင်းခွေမိန်းမအား အဂ္ဂမဟေသီ တောင်ညာစံဖြစ်ဝိ မိဖုရားကြီးအဖြစ် တင်မြှောက်၏။

ဘုရားလောင်းမင်းသားသည် ခမည်းတော် ကွယ်လွန်သော အခါ မင်းပြု၍ ဘုန်းကံကြီးသော မင်းအဖြစ်ကို ဆောင်ရွက်ခဲ့၏။

တကာတော်မင်းကြီး....ထိုအခါ ထင်းခွေမ ယယ်တော်မိဖုရားသည် ယခုဘဝ၌ မယ်တော်မာယာ ဖြစ်လာ၏။ ဗြဟ္မဒတ်မင်းကြီးသည် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး ဖြစ်လာ၏။ ကဋ္ဌဝါဟနမင်းသည် ယခုငါဘုရား ဖြစ်လာ၏။

တကာတော်မင်းကြီး....ရှေးကပညာရှိတို့သည် ထင်းခွေသည် မအား မြတ်သောမိဖုရားအရာ တင်မြှောက်ခဲ့၏။ ထိုထင်းခွေသည်မမှ မွေးဖွားသော မင်းသားသည် ကဋ္ဌဝါဟနမင်းပင် ဖြစ်ခဲ့ဖူး၏။ အဖ၏အမျိုးအနွယ်သာ ပဓာနဖြစ်ပေသည်ဟု ဟောကြားတော်မူ၏။

ထိုအခါမှ ကောသလမင်းကြီးသည် ဝါသဘခတ္တိယာမိဖုရားအား၎င်း၊ သားတော်ဝိဋူဍဘမင်းသားအား၎င်း၊ ရှေးကအဆောင်အရွက်အတိုင်း ပြန်လည်ချီးမြှင့်တော်မူ၏။

WWW.DHAMMARANSI.COM

# အပိုင်း (၂)

# ဗန္ဓုလနှင့် မလ္လိကာအကြောင်း

ဝိဋ္ဋူဘဇာတ်လမ်းနှင့် ဆက်လျက်ရှိသော ပသေနဒီ ကောသလမင်းကြီး၏ စစ်သူကြီးဗန္ဓုလဇာတ်လမ်းကို ပြန်၍ဆက်ရပေမည်၊ သို့မှသာ ကောသလမင်းကြီး ပျက်စီးရသောကြောင်းနှင့် ဝိဋ္ဋူဘ ဘုရင်ဖြစ်ရသောကြောင်းကို စုံလင်စွာသိကြပေမည်။

ဗန္ဓုလ စစ်သူကြီးတွင် ကုသိနာရုံပြည် မလ္လမင်း၏ သမီး မလ္လိကာအမည်ရှိသော ဇနီးသည်ရှိ၏။ သားသမီးတစုံတယောက်မျှ မမွေးဖွား၍ မိခင် ဖခင်တို့ အိမ်သို့သာ ပြန်သွားတော့ဟု ပြန်လွှတ်လိုက်၏။ မလ္လိကာသည် မြတ်စွာဘုရားကို ဖူးမြင်ပြီးမှ သွားမည်ဟု ဇေတဝန်ကျောင်းသို့ဝင်၏။ မြတ်စွာဘုရားအား ဖူးမြင်ပြီးသော် သားသမီးမရ၍ အမြုံမဟု နှင်ထုတ်လိုက်သဖြင့် မိဘရပ်ထံ ပြန်ရတော့မည့်အကြောင်း လျှောက်ထား၏။

မြတ်စွာဘုရားက မိဘထံသို့ပြန်ရန်အကြောင်းမရှိ၊ အိမ်သို့သာ ပြန်သွားလေတော့ဟု မိန့်တော်မူ၏။

မလ္လိကာအိမ်ပြန်ရောက်လျှင် ပြောပြ၍ ဗန္ဓုလစစ်သူကြီးက မြတ်စွာဘုရားသည် အကြောင်းမဲ့စကားကို မိန့်ကြားတော်မူခြင်းမဟုတ်ဟု မလ္လိကာကို အိမ်မှာပင် ပြန်နေစေ၏။

## မလ္လိကာချင်ခြင်းတပ်ခြင်း

မကြာမီပင် မလ္လိကာသည် ကိုယ်ဝန်ရ၍ ချင်ခြင်းဖြစ်သောကြောင့် ဗန္ဓုလစစ်သူကြီးကို ပြောကြားပေ၏။

WWW.DHAMMARANSI.COM



WWW.DHAMMARANSI.COM



ကျွန်တော်မသည် ဝေသာလီပြည် လိစ္ဆဝီမင်းတို့၏ ဘိသိက်သွန်းရာ မင်္ဂလာရေကန်၌ ရေချိုးသုံးသပ်၍ ထိုရေကို သောက်လိုပါသည်ဟု ပြောကြား၏။

ဗန္ဓုလစစ်ကြီးက ချစ်နှမ မစိုးရိမ်လင့်ဟု နှစ်သိမ့်ပြီး ဗိုလ်တထောင် တင်မှ ချမှရသော လေးကိုယူပြီး မလ္လိကာကို ရထား၌ တင်၍ သာဝတ္ထိပြည်မှ ထွက်ပြီး မဟာလိမင်းသားနေသော တံခါးမှ ဝေသာလီပြည်သို့ ဝင်လေ၏။

မျက်စိမမြင်သော မဟာလိမင်းသားသည် ရထား၏ အသံကို ကြားကာမျှဖြင့် ဗန္ဓုလစစ်သူကြီး၏ ရထားသံဟု သိသဖြင့် ယနေ့သည် လိစ္ဆဝီမင်တို့အား ဘေးအန္တရာယ်ဖြစ်တော့မည်ဟု ပြောဆိုလေ၏။

## အစောင့်အတန်တန် မင်္ဂလာရေကန်

လိစ္ဆဝီမင်းတို့၏ ဘိသိက် သွန်းရာ မင်္ဂလာ ရေကန်သည် အတွင်းရော အပြင်ပါ အစောင့်အရှောက် ကြီးစွာထား၏။

ဗန္ဓုလစစ်သူကြီးသည် အစောင့်အရှောက်တို့ကို သံလျက်ဖြင့် ပုတ်ခတ်၍ ထွက်ပြေးစေ၏။

ထိုမင်္ဂလာရေကန်ကိုသံကွန်ရက်တို့ဖြင့်ဖုံးအုပ်ထား၏။ ဗန္ဓုလစစ်သူကြီးသည် အင်အားကြီးမားသည်ဖြစ်၍ သံကွန်ရက်တို့ကို ဖြတ်တောက်ပြီးသော် မလ္လိကာကို ရေကန်တွင်းသို့ သက်ဆင်းချိုးသောက်စေပြီး မိမိသည်လည်း ရေချိုး၍ ရထားသို့တက်ပြီး လာလမ်းအတိုင်း ပြန်ခဲ့၏။

WWW.DHAMMARANSI.COM



## လိစ္ဆဝီတို့ရထားငါးရာဖြင့် လိုက်ကြခြင်း

လိစ္ဆဝီမင်းတို့သည် ဒေါသအမျက် ချောင်းချောင်းထွက်၍ ဗန္ဓုလစစ်ကြီးနှင့် မလ္လိကာကို ဖမ်းယူရန် ရထားငါးရာဖြင့် လိုက်ကြ၏။

မဟာလိမင်းသားက အသင်တို့ မလိုက်ကြနှင့်၊ ဗန္ဓုလသည် သင်တို့အားလုံးကို သတ်လိမ့်မည်ဟု တားမြစ်၏။

လိစ္ဆဝီတို့က ဒေါသဖြစ်နေ၍ "ဆရာ မလိုက်၍ မဖြစ်ပါ"ဟု ပြောကြ၏။

ဆရာဖြစ်သူ မဟာလိက ထိုသို့ဆိုလျှင် ဗန္ဓုလ၏ရထားလှည်းဘီး မြေသို့ တဝက်နစ်သည်ကိုမြင်လျှင် ပြန်ခဲ့ကြ။

ဤသို့မှ မပြန်သေးလျှင် မကြာမီ မိုးကြိုးခြိမ်းသကဲ့သို့ ကြားလိမ့်မည်၊ မိုးခြိမ်းသံကြားလျှင် ပြန်ခဲ့ကြ။

ထိုသို့မှ ပြန်မလှည့်လိုသေးလျှင် သင်တို့၏ ရထားငါးရာကို ရှေ့ဆင့်နောက်ဆင့် ယှဉ်၍မသွားကြနှင့်။

ဤသို့မှ မပြန်သေး၍ ဆက်၍လိုက်လျှင် သင်တို့၏ရထားဦးတို့၌ အပေါက်ကို မြင်လိမ့်မည်။ ထိုသို့ အပေါက်ကိုမြင်လျှင် ပြန်လှည့်ခဲ့ကြဟု မှာလိုက်၏။

### မဟာလိမင်းသား၏ စကားအစဉ်

လိစ္ဆဝီမင်းတို့သည် မဟာလိမင်းသား မှာကြားသောစကားကို နားမထောင်၊ ဗန္ဓုလနောက်သို့ အလျှင်အမြန်လိုက်ကြ၏။

မလ္လိကာက ရထားများလိုက်လာသည်ကို မြင်သည်ဟု ပြောလျှင်၊ ဗန္ဓုလက- "ချစ်နှမ....နောက်က လိုက်လာသောရထားတို့သည် တစီးတည်းကဲ့သို့ ရှေ့နောက်စဉ်သျှက်မြင်ရသောအခါ ငါ့ကိုပြောကြားလော့"ဟု မှာထား၏။

WWW.DHAMMARANSI.COM



မလ္လိကာသည် လမ်းကျဉ်း လမ်းမြောင့်တွင် ရထား ငါးရာ တစီးတည်းကဲ့သို့ ရှေ့နောက်စဉ်၍ မြင်ရသည့်အခါ ဗန္ဓုလ အား ပြောကြား၏။

ဗန္ဓုလသည် မလ္လိကာအား ရထားကြိုးကို ကိုင်စေလျက် ရထားပေါ်၌ပင် ဗိုလ်ခြေတထောင် တင်မှရသော လေးကိုတင် ၏။

ထိုအခါ ရထားလှည်းဘီးတို့သည် ဝင်ရိုးတိုင်အောင်မြေသို့ ဘီးတဝက်မျှ ဝင်လေ၏။

လိစ္ဆဝီမင်းသားတို့သည် ထိုသို့မြင်လျက်ပင် မဟာလိမင်း သား၏ စကားကို နားမထောင်ပဲ ဆက်၍လိုက်ကြ၏။

ဗန္ဓုလသည် လေးကြိုးကို လက်ဖြင့် အနည်းငယ် ခတ်၏။ မိုး ခြိမ်းသံကဲ့သို့ မြည်သွား၏။

လိစ္ဆဝီတို့သည် မဟာလိမင်းသား၏စကားကို နားမထောင် ဆက်၍လိုက်ကြ၏။

ဗန္ဓုလသည် ရထားပေါ်မှပင် ပထမမြားတစင်းကိုပစ်လိုက် ၏။ ထိုမြားသည် ငါးရာသောရထားဦးတို့တွင် အပေါက်ဖြစ်၍ သွား၏။

လိစ္ဆဝီမင်းတို့သည် မဟာလိမင်းသား၏ စကားကို နား မထောင်ပဲ ရထားဦးမှအပေါက်တို့ကိုမြင်လျက်ဆက်၍လိုက်၏။

## လိစ္ဆဝီမင်းတို့ သေဆုံးရခြင်း

ဗန္ဓုလသည် နောက်ထပ် မြားတစင်းကို လွှတ်လိုက်၏။ ထို မြားသည် ငါးရာကုန်သော လိစ္ဆဝီမင်းတို့၏ကိုယ်၌ ကာကွယ်၍ ချည်နှောင်ထားသော "မြားကာ"တို့ကို တင့်နှံထိုး ဖောက်၍

WWW.DHAMMARANSI.COM



လိစ္ဆဝီမင်းငါးရာတို့၏ ခန္ဓာကိုယ်တွင်းမှ လျင်မြန်သော အဟုန်ဖြင့် တဆက်တည်းထွက်သွားပြီး မြေသို့ဝင်လေ၏။

လိစ္ဆဝီမင်းတို့၏ ရထားသည် ဗန္ဓုလ စစ်သူကြီး ရထား၏ မလှမ်းမကမ်းသို့ ရောက်လာသဖြင့် လိစ္ဆဝီမင်းတို့က-

"ဗန္ဓုလ ရပ်လော့၊ ဗန္ဓုလ ရပ်လော့"ဟု အော်ကြ၏။

ဗန္ဓုလသည် ရထားမောင်းလျက်ကပင်-

"အသင်တို့ သေနေကြပြီ၊ သေပြီးသောသူတို့နှင့် ငါစစ်ထိုးစရာမလိုတော့"ဟု ပြော၏။

"ငါတို့ကို အဘယ်ကြောင့် သေပြီးသူဟု ပြောသနည်း"

"သင်တို့ သေ မသေ သိရအောင် သင်တို့ကိုယ်တွင် မြဲမြံစွာဖွဲ့စည်းချည်နှောင်ထားသည်တို့ကို ဖြေ၍ကြည့်လော့"ဟု ပြော၏။

ရှေ့ဆုံးမှ လိစ္ဆဝီမင်းသည် "ငါမသေ"ဟု ပြောကာ မိမိကိုယ်မှ ဖွဲ့စည်းချည်နှောင်ထားသည်တို့ကို ဖြေချွတ်လိုက်သည်နှင့် တပြိုင်နက် ကိုယ်တွင်းမှသွေးတို့သည် လျှံထွက်၍ ညွှန်နေရာ၌ပင် လဲကျသေဆုံးလေ၏။

ဗန္ဓုလသည် ကျန်သောလိစ္ဆဝီမင်းတို့အား- "သင်တို့ကိုယ်တွင်း၌ ညွှန်နည်းနှင်နှင် ဖြစ်နေကြပြီ၊ သင်တို့အားလုံးသည် အိမ်သို့ အလျင်အမြန် ပြန်ကြပြီး သားမယားတို့ကို နှုတ်ဆက်ပြီးမှ သင်တို့ကိုယ်မှ အနှောင်အဖွဲ့တို့ကိုချွတ်၍ သေကြလေ"ဟု ပြောဆို၏။

လိစ္ဆဝီမင်းတို့သည် မဟာလိခင်းသား မှာထားသောစကားနှင့် ဗန္ဓုလစစ်သူကြီး၏ပြောစကားတို့မှာ မိမိတို့ရှေ့တွင် မြင်ရ

WWW.DHAMMARANSI.COM



သော လိစ္ဆဝီမင်းတပ်ပါး၏ အဖြစ်တို့ကို ထင်မြင်လာသဖြင့် ကြောက်လန့်ပြီး ပြန်၍ပြေးကြ၏။

အိမ်သို့ပြန်ရောက်လျှင် ဗန္ဓုလစစ်သူကြီး ပြောသည့်အတိုင်းပင် လိစ္ဆဝီငါးရာစလုံး သေဆုံးကြလေသတည်း။

ဗန္ဓုလစစ်သူကြီး ထိပ်တန်းရောက်ခြင်း

ဗန္ဓုလနှင့် မလ္လိကာတို့ သာဝတ္ထိပြည် ပြန်ရောက်လာသောအခါ မိတ်ဆွေရင်းဖြစ်သော ပသေနဒီကောသလမင်းကြီးသည် များစွာနှစ်ထောင်းအားရ ချီးမွမ်း၍ မိမိနှင့် တန်းတူမျှ အရာအထူးကိုပေး၏။

ဤသို့ ပျော်ရွှင် ချမ်းမြေ့စွာ နေကြယင်း မလ္လိကာသည် သားများကိုမွေးဖွားရာ တကြိမ်လျှင် အမြွှာနှစ်ယောက်ကျဖြင့် တဆယ့်ခြောက်ကြိမ် ဖွားမြင်ခဲ့၏။

ထိုသားအားလုံးတို့သည် ရဲရင့်ကြ၏။ ခွန်အားကြီးကြ၏။ အလုံးစုံသော အတတ်ပညာတို့ကို သင်ကြားတတ်မြောက်ကြ၏။

မလ္လိကာသည် အားကိုးရသော သားသုံးဆယ့်နှစ်ယောက်နှင့် ချွေးမသုံးဆယ့်နှစ်ယောက်တို့ဖြင့် ပျော်ရွှင် ချမ်းမြေ့စွာ မြတ်စွာဘုရားကိုလည်းကောင်း၊ရှင်သာရိပုတ္တရာ၊ရှင်မောဂ္ဂလာန် စသော ရဟန်းတော်များကိုလည်းကောင်း အစဉ်မပြတ်ပင့်ဖိတ် လုပ်ကျွေးလှူဒါန်းလျက်သာ နေ၏။

အမှုမှန်ကိုဆုံးဖြတ်သူ

ထိုသားသုံးဆယ့်နှစ်ယောက်တို့တွင် အခြံအရံ တထောင်စီ ရှိကြ၏။ ဗန္ဓုလစစ်သူကြီးနန်းတော်သို့ အခစားဝင်လျှင် မင်းယင်ပြင်သည် ထိုသူတို့ဖြင့်ပင် ပြည့်လေ၏။

WWW.DHAMMARANSI.COM



သာဝတ္ထိပြည်၌ တရားသူကြီးတို့သည် တံစိုးလက်ဆောင်စားလျက် အမှုတို့ကို တဘက်သတ်စီရင်နေကြ၏။ ကြာသော် မခံရပ်နိုင်၍ အမှုရှုံးသူတို့က ဗန္ဓုလစစ်သူကြီးထံ လျှောက်ကြားကြ၏။

ဗန္ဓုလစစ်သူကြီးသည် တရားရုံးသို့သွား၍ အမှုတို့ကို ပြန်လည် စီစစ်ပြီး တရားသဖြင့် ဆုံးဖြတ်ပေး၏။

ပြည်သူတို့သည် ဗန္ဓုလစစ်သူကြီးကို ကောင်းချီးပေးကြ၏။

မိတ်ဆွေရင်းကို အကောက်ကြံခြင်း

ပြည်သူတို့သည် ဗန္ဓုလစစ်သူကြီးကို အားကိုးကြ၏။ ကြည်ညိုကြ၏။ ဗန္ဓုလစစ်သူကြီးကို သာဝတ္ထိမြို့တွင်း၌ မြင်ကြရလျှင် မြင်သူတိုင်းက ဟစ်အော် ကောင်းချီးပေးကြ၏။

ကောသလမင်းကြီးသည် တဖြည်းဖြည်း ဗန္ဓုလစစ်သူကြီးနှင့် သားတို့အပေါ် စိုးရိမ်စိတ်ဝင်လာ၏။

ဗန္ဓုလစစ်သူကြီးနှင့် သားတို့အကြောင်းကို ကောသလမင်းကြီး စုံစမ်းသောအခါ လာဘ်မစားရ၍ အငြိုးထားကြသောသူတို့က ဗန္ဓုလစစ်သူကြီးနှင့် သားများအပေါ် ပုံကြီးချဲ့ကာ လျှောက်ထားကြ၏။

သံသယစိတ်ဝင်မိလျှင် အချစ်ပြယ်၏

ကောသလမင်းကြီးသည် ဗန္ဓုလအပေါ် စိုးရိမ်စိတ်မှသံသယစိတ်သို့ ကူးပြောင်း၏။ ထိုသံသယစိတ်ကြောင့် ဗန္ဓုလအပေါ် ချစ်ခင်စိတ်တို့ ပျက်ပြယ်ခဲ့၏။ ထိုပျက်ပြယ်ချိန်တွင် မလိုသူတို့၏ စကားကို နားယောင်လာ၏။

ဗန္ဓုလသည် သားများ၏အင်အား၊ ပြည်သူတို့၏အင်အားဖြင့်

WWW.DHAMMARANSI.COM



မိမိ၏နန်းစည်းစိမ်ကို အချိန်မရွေး အလွယ်တကူ လုယက်နိုင်သည် ထင်မြင်လာ၏။

ထို့ကြောင့် ဗန္ဓုလအပေါ် အကောက်ကြံတော့၏။

သစ္စာကြီးမားသော၊ ဖြောင့်မတ်မှန်ကန်သော၊ မိတ်ဆွေရင်းခြာကို သံသယစိတ်ကြောင့် သစ္စာဖောက်လိုက်လေပြီ။

## သစ္စာဖြင့် အသေခံကြခြင်း

ဗန္ဓုလနှင့် သားသုံးကျိပ်နှစ်ယောက်တို့ကို နယ်စပ်ဘွင် ထကြွသော သူပုန်ရန်ကို နှိမ်နင်းရန် အကြောင်းပြကာ စစ်ထွက်ကြရမည်ဟု ဘုရင်မင်းမြတ် အမိန့်တော်မှတ်၏။

စင်စစ် ဤအရာသည် ဗန္ဓုလစစ်သူကြီး၏ အရာမဟုတ်၊ သားတယောက်တည်း စေလွှတ်ရုံနှင့် ပြီးငြိမ်းစေသောအရာ ဖြစ်၏။

ယခုတလော ကောသလမင်းကြီးသည် မိမိအပေါ် စိတ်ထားပြောင်းလဲ၊ ဆက်ဆံမှုပြောင်းလဲလာခြင်းကိုလည်း သိ၏။

အဘယ်ရည်ရွယ်ချက်ဖြင့် စေလွှတ်သည်ကိုလည်း သိ၏။

နန်းတော်မှ အိမ်သို့ပြန်ရောက်လျှင် ထမင်းပွဲ၌ ကောင်းစွာ မစားနိုင်။ ငေးမှိုင် စဉ်းစား၍သာနေ၏။

မလ္လိကာသည် အခြေအနေထူးခြားသော စစ်သူကြီး၏မျက်နှာကို အကဲခတ်ယင်း မေးမြန်း၏၊ ဗန္ဓုလက သားသုံးကျိပ်နှစ်ယောက်နှင့်အတူ နံက်ဖြန်မနက် စစ်ထွက်ရမည့်ကြောင်းကို ပြောပြ၏။

မလ္လိကာသည်မအံ့သြ၊ မနာလိုသူတွေ ဝိုင်းဝိုင်းလည်နေသည့် အကြားမှ တနေ့တွင် ဤအခြေသို့ ဆိုက်ရဘောမည်ကို ကြိုတင် တွယ်ဆထား ပြီး ဖြစ်သည်။

WWW.DHAMMARANSI.COM



"အဲဒီတော့ အဖေကြီးက ဘယ်လိုစိတ်ကူးလို့လဲ"

"ကိုယ့်အပေါ်မှာ ဆွေတော်မျိုးတော်တွေထက် စောင့်ရှောက်ချီးမြှင့်တဲ့ ကျေးဇူးတော်တွေကို ထောက်ထားရမှာပေါ့၊ ဒို့ကို ချီးမြှောက်လို့ စည်းစိမ်ချမ်းသာ ခံစားလာခဲ့ရတဲ့နှစ်တွေ မနည်းပါဘူး၊ ဘုရင်မင်းမြတ်ရဲ့ ကျေးဇူးတော်တွေဟာ ဆပ်လို့ မကုန်နိုင်ပါဘူး အဲဒီတော့ ဘုရင်မင်းမြတ် ဆန္ဒတော်ကို ဖြည့်စွမ်းရမှာပဲ"

"ဟုတ်တယ်အဖေကြီး၊ ကျွန်ဘော်မကလဲ ဒီအတိုင်းအကြံပေးမလို့ပါပဲ၊ မြတ်စွာဘုရားသခင် ဟောတော်မူတဲ့အတိုင်း သတ္တဝါမှန်သမျှကံစီမံတဲ့အတိုင်းခံကြရမှာပဲ၊ အဲဒီတော့အဖေကြီးက ငေးငိုင်မနေပါနဲ့ ပျော်ပျော်ပါးပါးစားပြီးပျော်ပျော်သွားလို့ သားတွေကိုသည်း ကွပ်ကဲဆုံးမရမှာ ရှိသေးတယ်မဟုတ်လား"

ဗန္ဓုလစစ်သူကြီးသည် သားများနှင့်တကွ စစ်သည်တို့ကို စီမံခန့်ခွဲပြီး နံနက်အရုဏ်တွင်စစ်ချီတက်ရန်ပြင်ဆင်နေပေ၏။

မလ္လိကာသည် အရှင်သာရိပုတ္တရာ အမှူးရှိသော သံဃာဘော်အရှင်မြတ်များအား ခုနစ်ရက်ခုနစ်လီ ပင့်ဖိတ်ဆွမ်းကျွေးရန်စီမံနေပေ၏။

နံနက်အရုဏ်တက်လျှင် စစ်စည်စစ်မောင်းသံတို့နှင့်စစ်ထွက်ရန် ပြင်ဆင်နေကြ၏၊ မလ္လိကာသည် ဗန္ဓုလစစ်သူကြီးအား ရှင်ပြသောချက်နှာဖြင့်ပင် ရှိခိုးကန်တော့၏။ သား သုံးကျိပ်နှစ်ယောက်တို့ကိုခေါ်၍ တယောက်စီဖက်ရမ်းနမ်းရှုံ့ပြီးချွေးမတို့အား မိမိအိမ်တွင်အတူတကွလာနေရန်မှာကြားလိုက်၏။

WWW.DHAMMARANSI.COM



## သမာဓိသည် ကျောက်တောင်ကဲ့သို့ခိုင်ခံ့၏

မလ္လိကာသည် ရှင်သာရိပုတ္တရာနှင့်တကွ သံဃာတော်တို့အား ချွေးမတို့နှင့်အတူ ဆွမ်းကပ်လှူခဲ့ရာ ခုနစ်ရက်မြောက်သောနေ့သို့ ရောက်ခဲ့၏။

ဆွမ်းဘုဉ်းပေးနေစဉ် ခြံတွင်းသို့ဝင်လာသောမြင်းခွာသံကို ကြားရ၏။ ရှေ့တန်းစစ်မြေပြင်မှ မြင်းစေကျော် ရောက်လာကြောင်း၊ မလ္လိကာနှင့်တွေ့ရန်ဖြစ်ကြောင်း အိမ်ဖော်ဘဏ္ဍာယာက်က လာပြော၏။ မလ္လိကာသည်မြင်းစေကျော်ကိုတံခါးဝတွင် ထွက်၍တွေ့၏။ မြင်းစေကျော်သည် သဝဏ်လွှာကို မလ္လိကာအား ပေး၏၊ ဖတ်ကြည့်ရာ ရှေ့တန်းစစ်မျက်နှာတွင် ဗန္ဓုလစစ်သူကြီးနှင့်တကွ သုံးကျိပ် နှစ်ယောက်သော သားအားလုံး အသတ်ခံရကြောင်း သဝဏ်လွှာဖြစ်၏။

မလ္လိကာသည် စာခွေကိုဖတ်ပြီးပြန်၍လိပ်ကာရင်ခွင်ကြား၌ထည့်ပြီး ရှင်သာရိပုတ္တရာ၏ ရှေ့တော်မှောက်၌ တည်ငြိမ်စွာကြည်ညိုခစားလျက်နေ၏။

ဆွမ်းဘုဉ်းပေးပြီး၍ အချိုပွဲကပ်ရန် ယူဆောင်လာကြစဉ် အိမ်ဖော်မိန်းကလေးများ၏လက်မှ ထောပတ်ထည့်ထားသော အိုးသည် ကျ၍ကွဲလေ၏၊

ရှင်သာရိပုတ္တရာသည် မမြဲသောသင်္ခါရတရားကိုဟောကြားတော်မူ၏။

"အရှင်မြတ်ဘုရား။ ။တပည့်တော်မသည် ထောပတ်အိုးကွဲခြင်းအတွက် တစုံတရာနှစ်မြောတွန့်တိုခြင်းမရှိပါ၊ ဤမျှသာမက ဤသဝဏ်လွှာကို ရသည့်တိုင်အောင် တပည့်တော်မသည် ကံ၏အကြောင်းတရားကို ယုံကြည်သည်ဖြစ်ပါ၍ တစုံတရာ တုန်

WWW.DHAMMARANSI.COM





လှူပ်ခြင်းမရှိခဲ့ပါ”ဟု လျှောက်ထားပြီး ရှင်သာရိပုတ္တရာအား သဝဏ်လွှာကိုဆက်ကပ်လိုက်လေ၏။

ရှင်သာရိပုတ္တရာသည် သဝဏ်လွှာကိုဖတ်ရှုပြီး သာဓုအနုမောဒနာပြု တော်မူပြီး ပြန်ကြွသွားလေ၏။

## ချွေးမတို့အား ဆုံးမခြင်း

အရှင်မြတ်ပြန်ကြွသွားပြီးနောက် မလ္လိကာသည် ချွေးမတို့ကိုခေါ်၍ အကျိုးအကြောင်း ရှင်းလင်းပြောကြားပြီး....

“သမီးတို့။ ။ဤကိစ္စအတွက်ဘုရင်မင်းမြတ်အပေါ် ငြိုငြင်ခြင်းမဖြစ်ကြနှင့်၊ ဘုရင်မင်းမြတ်၏ ကျေးဇူးကား ငါတို့အပေါ်တွင် အဆမတန်ကြီးမားပေသည်။ ဘုရင်မင်းမြတ်၏ဂုဏ်

WWW.DHAMMARANSI.COM



ကျေးဇူးကိုသာ အောက်မေ့ကြည်ညိုကြရမည်။ ဤသို့ ဖြစ်လိမ့်မည်ကို သင်တို့၏ဖခင်၊ သင်တို့၏ လင်သားတို့နှင့် ငါမိခင်တို့သည် ကြိုတင်သိခဲ့ကြသည်။ ဘုရင်မင်းမြတ်၏ ကျေးဇူးသစ္စာတော်ကို အသက်နှင့်လဲ၍ စောင့်သိရှိသေကြမည်ဟု သိလျက်နှင့်ထွက်ခွာသွားကြသည်။ ဤအချိန်အခါတွင် ဤသို့ ဖြစ်ရမည်ဆိုသည်မှာ ဘဝဘဝက ပြုခဲ့သော ကံ၊ ကံ၏အကျိုးဆက်သာ ဖြစ်ပေသည်။ သေခြင်းတရားသည် ရှောင်လွှဲ၍ ရမည်မဟုတ်ပေ။ အမျိုးမျိုးကြံဖန်တွေးဆခြင်း၊ ငိုကြွေးခြင်းမပြုကြပါနှင့်၊ မင်းကြီးအပေါ်တွင် တစုံတရာမေတ္တာမပျက်ကြပါနှင့်၊ ကံတရားကိုသာလျှင်ရှုကြလော့''ဟု ဆုံးမ၏။

မင်းကြီးသည် ဤအိမ်၌ မည်သို့ဖြစ်ကြသည်၊ ပြောဆိုကြသည်ကို သိရှိရန် သူလျှိုလွှတ်ထား၏။ မင်းကြီးသူလျှိုတို့သည် ထိုစကားအလုံးစုံကို မင်းကြီးအား ပြန်လည်လျှောက်ထား၏။

ထိုအခါ ဗန္ဓုလစစ်သူကြီးမိသားစုံတို့၏ စေတနာကို သိရှိရသောအခါ ''ငါမှားလေပြီ''ဟုသိ၏။

သစ္စာတရားကြီးမားကြသော မိသားစုအပေါ်၌ပြုမူမိသော အပြစ်ကို ပြုပြင်၍ မရသောကြောင့် ကောသလမင်းကြီးတွင် ထိတ်လန့်ခြင်းတို့ နှိပ်စက်ကုန်၏။

### မလ္လိကာ ရယူလိုသော ဆု

ကောသလမင်းကြီးသည် မလ္လိကာ၏နေအိမ်သို့သွားရောက်ပြီးသော် မလ္လိကာကိုရှင်း၊ သုံးကျိပ်နှစ်ယောက်ကုန်သောချွေးမတို့ကိုရှင်း၊ သည်းခံစေ၍ မလ္လိကာအား လိုအပ်သော ဆုကိုတောင်းစေ၏။

WWW.DHAMMARANSI.COM



မလ္လိကာသည် အရှင်မြတ်ပေးသောဆုကို လိုသောအချိန် တောင်းယူပါမည်ဟု လျှောက်ကြားပြီး အိမ်သို့ပြင် သေလွန်ပြီးသောသူတို့အားရည်မှန်း၍ ကျွေးမွေးပေးကမ်း လှူဒါန်းပြီးနောက် မင်းကြီးထံ တခုဘည်းသော ဆုကို ချီးမြှင့်ပါဟု တောင်းဆို၏။

ထိုဆုကား သုံးဆယ့်နှစ်ယောက် ကုန်သော ချွေးမတို့ကို သူတို့၏ ဆွေမျိုးမိဘများအိမ်သို့ ပြန်ပို့စေပြီး မိမိအားလည်း ကုသိနာရုံပြည်၌ရှိ မိမိ၏ မိခင်ဖခင်တို့အိမ်သို့ ပြန်ခွင့်ပြုပါရန် တခုတည်းသောဆုကိုသာ တောင်း၏၊

ကောသလမင်းကြီးလည်း မလ္လိကာ၏ဆန္ဒကို လိုက်လျောဆောင်ရွက်ပေး၏။

## ကောသလမင်းကြီး နတ်ရွာစံခြင်း

ကောသလမင်းကြီးသည် ထိုအချိန်မှစ၍ စိတ်သက်သာရာမရ၊ ဗန္ဓုလစစ်သူကြီး၏ တူဖြစ်သော ဒီဃာကာရာယနအား စစ်သူကြီးရာထူးကိုပေး၏။

ဒီဃာကာရာယနသည် ငါ့ဦးရီးနှင့် ငါ့နောင်တော်များကို သတ်ဖြတ်သူဟူ၍ ကောသလမင်းကြီးအပေါ် ရန်ငြိုးဖွဲ့ကာ အခွင့်အလမ်းကိုသာ ရှာကြံနေ၏။

စိတ်မချမ်းသာမှုကို ခံစားနေရသော ကောသလမင်းကြီးသည် စိတ်သက်သာရာရစေရန် မြတ်စွာဘုရားသီတင်းသုံးရာ အရပ်သို့ လိုက်လေ၏။

မြတ်စွာဘုရားသည်သာကီဝင်မင်းတို့၏ရွာဖြစ်သော ကပ္ပသတိုင်း မေဒါဠုပ အမည်ရှိသောရွာအနီးတွင် သီတင်းသုံးနေ တော်မူ၏။

WWW.DHAMMARANSI.COM



ကောသလမင်းကြီးသည် မိမိ၏နယ်စပ်ဘက်တွင် သစ်ခကို တဲနန်းထိုး၍ အစောင့်အရှောက် များနှင့်တကွ မင်းမြောက် တန်ဆာတို့ကို ဒီဃကာရာယန စစ်သူကြီးအား ပေးအပ်၍ တယောက်တည်းပင် ဘုရားရှင်ရှိရာ ဂန္ဓကုဋီသို့ ဝင်တော်မူ၏။

အခွင့်အခါကိုစောင့်နေသော စစ်သူကြီးသည် မင်းမြောက် တန်ဆာငါးပါးနှင့်တကွ အခြေအရံတို့ကိုသိမ်းယူပြီး မင်းကြီး အတွက် မြင်းတကောင်နှင့် အလုပ်အကျွေး မိန်းမတယောက်ကို ထား၍ သာဝတ္ထိပြည်သို့ပြန်သွားကြပြီး ဝိဋူဋဘ မင်းသားကို နန်းအပ်၍ မင်းမြှောက်လိုက်လေ၏။

မင်းကြီးပြန်လာသောအခါ မြင်းတကောင်နှင့် မိန်းမ တ ယောက်သာချန်ထား၍ ဝိဋူဋဘကို နန်းအပ်ကြောင်းသိရသော အခါ တူတော်မောင် အဇာတသတ်ထံသွားပြီး စစ်ကူတောင်း ကာ ဝိဋူဋဘကို ဖမ်းမည်ဟုကြံစည်ပြီး ရာဇဂြိုဟ်ပြည်သို့ သွား လေ၏။

ရာဇဂြိုဟ်ပြည်သို့သွားရာတွင်နေဝင်မှရောက်သဖြင့် မြို့တံခါး ကို ပိတ်ထားပြီးဖြစ်၍ မြို့ပြင်ဇရပ်တခု၌ အိပ်စက်တော်မူရ၏။

ကာလအတန်ကြာစွာ ဗန္ဓုလစစ်သူကြီးကြောင့် စိတ်ဆင်းရဲ ၍ မစားနိုင် မအိပ်နိုင်ဖြင့်ရသောဒဏ်၊ သာဝတ္ထိပြည်မှရာဇဂြိုဟ် ပြည်သို့ နေပူလေပူတို့အကြား ခရီးပြင်းလာခဲ့ရသောဒဏ်၊ ညဉ့် ကာလတွင် အခင်းအကာမရှိ ဇရပ်ပေါ်တွင်အိပ်ရသဖြင့် နေပူ လေပူမိရာမှ အအေးဒဏ်ဖြင့်ပတ်ပြန်သဖြင့် ထိုညဉ့်၌ပင် ဇရပ်ပေါ် ၌ စုတေ သေလွန်လေတော့သတည်း။

# အပိုင်း (၃)

# သာကီဝင်တို့ ပျက်စီးကြသောအခန်း

ဝိဋူဋဘသည် မင်းအဖြစ်ကိုရလျှင်ရခြင်း တသက်တာလုံး အခဲမကြေခဲ့ရသော ဒေါသနှင့်မာနတို့သည် ပြာဖုံးသောမီးခဲကို လေတိုက်သည့်ပမာ ရင်ထဲ၌တဟုန်းဟုန်းတောက်ကာသာကီဝင်တို့ လည်ချောင်းသွေးဖြင့် ခြေဆေးမည်ဟု စစ်တပ်ကြီးချီကာ သွားလေသည်။

## ဆွေမျိုးအရိပ်က အေးပါသည်

မြတ်စွာဘုရားသည် မိုးသောက်ယံမ်ကာလ ကြည့်ရှုသည်ရှိသော် ဆွေတော်မျိုးတော် အပေါင်း ပျက်စီးတော့မည့် အကြောင်းကို မြင်တော်မူသောကြောင့် ချီးမြှင့်ခြင်း ပြုသင့်သည်ဟု ညနေချမ်းအခါ ကောင်းကင်ခရီးဖြင့် ကြွလာတော်မူခဲ့ပြီး ကပိလဝတ်ပြည်အနီး ပြောက်ကြားကျဲတဲသော အရိပ်ရှိသည့် သစ်ပင်ရင်း၌ သီတင်းသုံးထိုင်နေတော်မူ၏။

အနီးရှိ ဝိဋူဋဘမင်းသားနိုင်ငံဝယ် အရိပ်ကောင်း၍အေးမြသောယားဝေဆာသော ညောင်ပင်ကြီးရှိ၏။

ဝိဋူဋဘမင်းသား စစ်တပ်ကြီးချီ၍လာရာ၊ မြတ်စွာဘုရားကို မြင်လျှင် ရှိခိုးခစားပြီး အရှင်မြတ်ဘုရား၊ ပူပြင်းလှသောအချိန်၌ အရိပ်ကျဲကျဲ သစ်ပင်ရင်းတွင် သီတင်းသုံးတော်မမူပဲ ဤဘက်နယ်မြေမှဝေဝေဆာဆာရှိသောညောင်ပင်ရင်း၌ သီတင်းသုံးတော်မူပါဟု လျှောက်၏။

မြတ်စွာဘုရားက....

WWW.DHAMMARANSI.COM



"တကာတော်မင်းကြီး။ ။ရှိပါစေတော့၊ ဆွေမျိုးတို့၏ အရိပ်သည် အလွန်ငြိမ်းအေးချမ်းလှပေသည်"ဟုမိန့်တော်မူသော် ဝိဋဋူဘသည် ဘုရားသခင် ဆွေတော်မျိုးတော်တို့အား စောင့်ရှောက်ရန် ကြွလာတော်မူသည်ဟု သိမြင်၍ မြတ်စွာဘုရားကို ရှိခိုးပြီး သာဝတ္ထိပြည်သို့ပြန်လာခဲ့၏။

မကြာမီပင် သာကီဝင်မင်းတို့အပေါ် အခဲမကြေနိုင်သော ဝိဋဋူဘသည် ပြန်လည်စဉ်းစားမိရင်း ချီးနှိပ်မှုရ ဒေါမာန်ထကာ စစ်ကိုတဖန် ချီပြန်လေသော် ဘုရားသခင်နှင့် တွေ့မြင်၍ ဆုတ်နစ်ပြန်ခဲ့ရပြန်သည်။

မကြာမီကာလ မကြေချမ်းနိုင် ဒေါသလှိုင်လာ ပြန်သော အခါ သုံးကြိမ်မြောက်ချီတော်မူပြန်ပြီး ဘုရားသခင်နှင့်တွေ့ကာ ပြန်ခဲ့ရပြန်၏။

လေးကြိမ်မြောက်အခါမူကား ဘာပဲဖြစ်ဖြစ် မေ့ရာဇ်တဆူ သယမ္ဘူ ဘုရား စကားကို နားမထောင်တော့ဟု လေးကြိမ်မြောက်ချီတက်ပြန်၏။

မြတ်စွာဘုရားသခင်သည်လည်း ဆွေတော်မျိုးတော် တို့၏ ရှေးကအကြောင်းကို ပြန်ပြောင်းဆင်ခြင်တော်မူသော် ရှေးအခါကာလကမြစ်အတွင်း၌ ငါးအဆိပ်ဆေးခပ်မိသော မကောင်းမှုကံကြောင့် မတားမြစ် ကောင်းသည် ဖြစ်၍ မြတ်စွာဘုရား ကြွတော်မမူပဲ လစ်လျူရှုတော်မူလေ၏။

ကပိလဝတ်ပြည်သို့ရောက်လျှင် ငါ၏ဘိုးတော် မဟာနာမမင်းနှင့် အနီးအပါးတွင် ရှိကြသူများမှတပါးသာကီဝင်မင်းမှန်သမျှ သတ်ကြစေဟု အမိန့်ပေးလိုက်၏။

ဝိဋဋူဘစစ်တပ်ကြီး ချီတက်လာ၍ သာကီဝင်မင်း တို့၏

WWW.DHAMMARANSI.COM



လည်ချောင်းသွေးဖြင့် ခြေဆေးမည်ဟု ကြွေးကြော်သံကို ကြားရသောအခါ သာကီဝင်မင်းတို့၏ စစ်တပ်သည် ဝိဍူဍဘ၏ စစ်တပ်နှင့် ရင်ဆိုင်လိုက်၏။

သာကီဝင်မင်းတို့ဖက်မှ မြားတို့ကိုလွှတ်၏။ ထိုအခါ ဝိဍူဍဘက....

"သာကီဝင်တို့သည် သူတပါး၏ အသက်ကို မသတ်ဟုဆိုသည်၊ ယခုငါ၏စစ်တပ်ကို မြားတို့ဖြင့်ပစ်ခတ်ပေသည်"ဟုပြော၏။ အမတ်ကြီးတို့က....

သာကီဝင်တို့သည် လူကိုမသတ်ပါ၊ မြားတို့သည် စစ်သည်တော်တို့၏ အကြားအကြား၌သာ ကျရောက်ပါသည်။ တစုံတယောက်မျှထိပါးအောင်မပစ်ပါ"ဟုလျှောက်ထား၏။

ဝိဍူဍဘသည် "တွေ့သမျှကိုမေး၍ သာကီဝင်ဆိုလျှင်သတ်ကြလော့"ဟု အမိန့်ပေးကာ ချီတက်လေ၏။

သာကီဝင်တို့သည် မုသားစကားကိုမပြောဆိုကြ၊ အသက်ကိုအသေခံ၍သွားကြ၏။ အချို့ကြောက်ရွံ့သူတို့က မူ မုသားစကားမသက်ရောက်စေပဲ မြက်တို့ကိုပါးစပ်တွင်ကိုက်၍ တိဏ,ဟုဆို၏။ ကျူပင်ကိုဆွဲကိုင်၍ နဠ,ဟုဆိုကုန်၏။

ဝိဍူဍဘသည် နို့စို့သူငယ်ကိုပင် မလွှတ်စေပဲ သာကီဝင်မှန်သမျှသတ်၍ သွေးချောင်းစီးစေပြီး သာကီဝင်မင်း တို့၏ လည်ချောင်းသွေးဖြင့် ပျဉ်ချပ်တို့ကို ဆေးကြောလေ၏။

သာကီဝင်မင်း အဆက်အနွယ်သည် ဝိဍူဍဘ၏ဘေးဖြင့် ပျက်သုဉ်း၍သွားတော့သည်။

## ဘိုးတော် မဟာနာမ်မင်းကြီး

ဝိဍူဍဘသည် ဘိုးတော် မဟာနာမကို ခေါ်ဆောင်ပြီး

WWW.DHAMMARANSI.COM



သာဝတ္ထိပြည်သို့ဖြန့်ခဲ့၏။ လမ်းခရီးတွင် ပွဲတော်တည်ချိန်ရောက်လျှင် ဘိုးတော်နှင့်တကွ ပွဲတော်တည်မည်ဟုစိစဉ်၏။

မဟာနာမမင်းသည် မင်းမျိုးတို့၏မာနဖြင့် အသက်ကိုပင်စွန့်မည် ကျွန်မ၏သားနှင့် ထမင်းမစားလို၊ မစားပါကလည်း ငါ့ကိုသတ်တော့မည်။ သူများအသတ် ငါမခံဟု မင်းတို့၏မာန်မာနဖြင့် ထမင်းမစားမီ ရေချိုးဦးမည်ဟု ရေအိုင်တွင်းသို့ ရေချိုးဟန်ဖြင့် ဆံပင်ကိုဖြေပြီး အဖျားဉ်ထုံးကာ ခြေထောက်တို့ကိုသွတ်သွင်း၍ ရေအတွင်းသို့ ခုန်ဆင် ပုန်းလျှိုး၏။

မဟာနာမမင်းကို နာဂါးတို့ပင့်ဆောင်ပြီး တစ်ဆယ်နှစ်နှစ်ပတ်လုံး စံနေတော်မူ၏။

## ဝိဋူဍဘတို့ သေဆုံးရပုံ

ဝိဋူဍဘသည် ဘိုးတော်မလာ၍ အန္တရာယ်ရှာ၏၊ မတွေ့လျှင် ထွက်ပြေးသွားပြီဟု ဆက်လက် ချီတက်သွားရာ ညဉ့်အချိန်၌ အစိရဝတီမြစ်သို့ ရောက်၏။

သဲသောင်ပြင်တွင် သစ်ခက်တဲနန်းထိုး၍ နေ၏၊ များစွာသောနောက်လိုက်နောက်ပါတို့ သဲသောင်ပြင်၌ပင်အိပ်ကြ၏။ အချို့က သဲသောင်ပြင်တွင် ငရှက်ဆိပ်ကိုက်၍ ကုန်းပေါ်သို့ တက်အိပ်၏။

ညဉ့်သန်းခေါင်ယာမ်တွင် မိုးကြီးသည်းထန်စွာ ရွာသွန်းပြီး အထက်မှစီးလာသော ရေအလျင်သည် သဲသောင်တခုလုံးဖုံးလွှမ်း၍ ဝိဋူဍဘနှင့် ပရိသတ်တို့ မြစ်ထဲ၌ နစ်မွန်းမျောပါကြကုန်၏။

ရှေးဘဝကံမရှိသောသူတို့မှာ ပုရွက်ဆိတ်ကိုက်သည် ဆို၍ ကုန်းပေါ်သို့တက်အိပ်ခြင်းဖြင့် ထိုဘေးမှ လွတ်မြောက်ကြ၏။

WWW.DHAMMARANSI.COM



## မြတ်စွာဘုရားသခင် တရားဟောတော်မူခြင်း

သာကီဝင်မင်းတို့ သေဆုံး ရခြင်းမှာ မသင့်လျော်ချေ၊ ဝိဋူဍဘသည် မိန်းမတယောက်ကြမ်းပြင်ကို နို့နှင့်ဆေးခြင်းမှ စ၍ ဒေါသ်ပြင်းထန် သတ်ဖြတ်ခြင်းမှာလည်း မသင့်လျော်ချေ ဟု ပြောကြားကြသည်ကို မြတ်စွာဘုရား ကြားသိတော်မူသော် သာကီဝင်မင်းတို့၏ ရှေးဘဝက အကုသိုလ်မှုကိုသာ ဟောပြော မိန့်ကြားတော်မူ၏။

နောက်တနေ့၌ တဖန်ရဟန်းတို့က ဝိဋူဍဘမင်းနှင့် အပေါင်းပါတို့ ရေထဲ၌ နစ်မွန်းသေဆုံးရသည့် အကြောင်းကို ပြောကြား ကြသော် မြတ်စွာဘုရားသခင်က-

“ချစ်သားရဟန်းတို့.... ဝိဋူဍဘသည် မာန်နှင့် ဒေါသအား ကြီးလှ၍ ဂလဲ့စားချေမှုကို ဝမ်းမြောက်ဝမ်းသာ မဖြစ်ရသေးမီ သေဆုံးရခြင်း အကြောင်းကား-

၄၇။ ပုပ္ဖါနိ ဟေဝ ပစိနန္တံ၊
ဗျာသတ္တမနသံ နရံ။
သုတ္တံ ဂါမံ မဟောဃောဝ၊
မစ္စု အာဒါယ ဂစ္ဆတိ။

၄၇။ ပန်းတို့ကို ကောင်းနိုးရာရာ ရွေးချယ် ဆွတ်ခူးသူကဲ့သို့ ကာမဂုဏ်တို့ကို မရသေးသည်ကို တောင့်တ ရပြီးသည်ကို တွယ်တာလွန်စွာ ကပ်ငြိသည့်စိတ်ရှိသောသူတို့ကို ကြီးစွာသော ရေအယဉ်သည် အိပ်ပျော်သောရွာကို လွှမ်းမိုးတိုက်ယူသွားသကဲ့သို့ သေမင်းသည် သိမ်းယူ၍သွားလေ၏။

ဟု ဟောကြားတော်မူသည့်အဆုံး၌ များစွာသောသူတို့သည် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။

(ဓမ္မပဒ ပုပ္ဖဝဂ် သုံးခုမြောက် ဝိဋူဍဘဝတ္ထုပြီး၏)

WWW.DHAMMARANSI.COM

# နိဂုံး

လောကီကောင်းကျိုးချမ်းသာ လောကုတ္တရာကောင်းကျိုးချမ်းသာတို့ကို ပေးစွမ်းနိုင်သော ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားတော်မူသော "ဓမ္မပဒ"တရားတော်များနှင့် ဘုရားရှင်လက်ထက်ဘာကယ့်အဖြစ်အပျက် ဇာတ်ဝတ္ထုတို့ကို တူညီရာ စုပေါင်း၍ အများပြည်သူ အလွယ်တကူ ဖတ်ရှုနိုင်ကြစေရန် စီစဉ်ပြုစုခဲ့ရာ၊ မိမိရည်မှန်းချက် ပြီးစီးအောင်မြင်ခြင်းသို့ ရောက်၍ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတော့သည်။

ကောဇာသက္ကရာဇ် ၁၃၅၂-ခုနှစ်၊ ခရစ်နှစ်သက္ကရာဇ် ၁၉၉၀ ပြည့်နှစ်သည် မိမိရည်မှန်းသော ကောင်းမှုကုသိုလ်တရပ်၏ အောင်မြင်သောနှစ်ဟု မှတ်တမ်းပြုအပ်ပါသည်။

ဤ"ဓမ္မပဒလက်ရွေးစင်များ"ကို ပြုစုရာတွင် မိမိကိုယ်ကျိုးအတွက် စီးပွားရှာလိုမှုမရည်ရွယ်၊ ဗုဒ္ဓ၏သာသနာတော် တည်တန့်ပြန့်ပွားရေးအတွက် မိမိ၏ တလက်ဆွမ်း တယောက်မ သာသနာပြုခြင်းသာ ဖြစ်ပါသည်။

## ဓမ္မပဒလက်ရွေးစင် ဝတ္ထုများအမှတ်(၁)

အမှတ်(၁)ကို "ဒါနဝတ္ထုများ" အဖြစ် ၁။ လယ်စာရင်းငှားပုဏ္ဏားသဌေးကြီးဖြစ်ဝတ္ထု၊ ၂။ ဥတ္တရာနှင့် သီရိမာဝတ္ထု၊ ၃။ သိရိမာနှင့်ရဟန်းတပါးဝတ္ထု၊ ၄။ ရှင်မောဂ္ဂလာန် နတ်ပြည်ရောက်ဝတ္ထု၊ ၅။အာနန္ဒာသဌေးကြီးဝတ္ထု၊ ၆။ နန္ဒိယသူကြွယ်ဝတ္ထုတို့ဖြင့် နီးစပ်ဆက်နွယ်ရာ ပူးပေါင်းပြုစုခဲ့ပါသည်။

## ဓမ္မပဒလက်ရွေးစင် ဝတ္ထုများအမှတ်(၂)

အမှတ်စဉ်(၂)ကို "အလှူရှင်ကြီးများ"အမည်ဖြင့် ရာဇဂြိုဟ်သဌေးကြီးများဖြစ်ကြသော ၁။ ဇောဘကသဌေးကြီး၊ ၂။ ဇဋိလသဌေးကြီး၊

WWW.DHAMMARANSI.COM

၃။ မေဏ္ဍက သဋ္ဌေးကြီးဝတ္ထုများနှင့် ထိုသဋ္ဌေးကြီးတို့၏ ရှေးအတိတ် အလှူကြီးများကို တခမ်းတနားဖော်ပြကာ ရဟန္တာအဖြစ်ရောက်ကြသည် အထိ ပါရှိပါသည်။

## ဓမ္မပဒလက်ရွေးစင် ဝတ္ထုများအမှတ်(၃)

အမှတ်(၃)တွင် "ဝိသာခါကျောင်းအမကြီး"အမည်ဖြင့် ၁။ ရာဇဂြိုဟ်သဋ္ဌေးကြီးကာကဝလ္လိယဝတ္ထု၊ ၂။ ဝိသာခါကျောင်းအမကြီး ၇ နှစ်သမီးအရွယ် သောတာပန်ဘဝမှ - မှတ်သားဘွယ်ရာ ဇာတ်လမ်းအစုံနှင့် နီးစပ်ဆက်နွယ်သောဝတ္ထုများကို အကျယ်တဝင့် ဖော်ပြထားပါသည်။

## ဓမ္မပဒလက်ရွေးစင် ဝတ္ထုများ အမှတ်(၄)

အမှတ်(၄`တွင် (သာမဏေကျော်လေးပါး)အမည်ဖြင့် ၁။ တိဿသာမဏေဝတ္ထု။ ၂။ ပဏ္ဍိတသာမဏေဝတ္ထု။ ၃။ သံကိစ္စသာမဏေဝတ္ထု။ ၄။ သုမနသာမဏေ ဝတ္ထုများအပြင်၊ အ ကျဉ်း အား ဖြင့် ၅။ အရှင်ရေဝတ။ ၆။ သုခသာမဏေ ၇။ သာနုသာမဏေ ၈။ သာမဏေကျော်လေးပါးအထင်မှားခံရခြင်းဝတ္ထု ၉။ အရှင်သီဝလိမထေရ်နှင့် ၁၀။ ထေရာအပါဒါန်တွင်လာရှိသော ၇-နှစ်သားသာမဏေဘဝမှ ရဟန္တာဖြစ်ကြသောပုဂ္ဂိုလ်တို့ကို ဖော်ပြပါရှိပါသည်။

ဤသို့ဖြင့် ဓမ္မပဒလက်ရွေးစင်များကို အမှတ်စဉ် ၅—၆ "ဒေဝါသမာနဝတ္ထုများ" "စိတ်ဝတ္ထုများ" စသောခေါင်းစဉ်အမည်များဖြင့် မှတ်သားဖွယ်ရာဝတ္ထုတော်များကို ဓမ္မပဒဂါထာတော်များနှင့် ဘာသာပြန်များပါ ပူးတွဲ၍ပြုစုစီစဉ်ပါသည်။

ဖတ်ရှုကြည်ညို ကုသိုလ်ပွားနိုင်ကြပါစေသတည်း။
ပု—ဒိ—အာ—နှင့် ပြည့်စုံရပါလို၏။

လှခင် (ဆန်းညွန့်ဦး)
၁၃၄၂—ခု၊ နယုန်လပြည့်နေ့
၁၉၈၀ပြည့်နှစ် မေလ ၂၈ ရက်

WWW.DHAMMARANSI.COM

## နတ်တို့နှစ်သက်သော တရားနှစ်ပါး

### (ဒေဝဓမ္မတရားနှစ်ပါး)

၁။ မကောင်းမှုအားလုံးကို ပြုရမှာရှက်ခြင်းသဘော (ဟိရိ)

၂။ မကောင်းမှုအားလုံးကို မပြုဝန့်ခြင်း၊ ကြောက်ခြင်း(ဩတ္တပ္ပ)

ဟိရိနှင့်ဩတ္တပ္ပ—အရှက်နှင့်အကြောက်တရားနှစ်ပါးသည် နတ်တို့ချစ်မြတ်နိုးသည်သာမက၊ လောကတခုလုံး၏ ချစ်မြတ်နိုးခြင်းခံရ၏။

## နတ်ပြည်ရောက်လိုလျှင်

### (နတ်ဖြစ်ရန် အကြောင်းသုံးပါး)

၁။ အမှန်ကိုသာပြောဆိုရာ၏၊ ၂။ အမျက်မထွက်စိတ်မဆိုးရ၊

၃။ တောင်းခံလာက နည်းနည်းဖြစ်ဖြစ်ပေးလှူရာ၏။

WWW.DHAMMARANSI.COM

မှတ်သားဖွယ်ရာကျမ်းတော်လာ

## နတ်ပြည်ရောက်လိုလျှင်

(နတ်ဖြစ်ရန်အကြောင်းသုံးပါး)

၁။ အမှန်ကိုသာပြောဆိုရာ၏၊ ၂။ အမျက်မထွက်စိတ်မဆိုးရ၊

၃။ တောင်းလာကနည်းနည်းဖြစ်ဖြစ်ပေးလှူရာ၏။

WWW.DHAMMARANSI.COM

## မှတ်သားဖွယ်ရာကျမ်းဘော်လာ

# ရှုနည်းနှစ်မျိုး

၁။ လူ့စည် စိမ်ခံစားလို၍၊ ယခုဘဝမတောင့်မတ၊ မကြောင့်မကျပဲ နေရစားရ သဌေးဖြစ်ရန်ရည်ရွယ်၍ရင်း၊ နောက်ဘဝ နတ်ပြည် ရောက်ပြီး နတ်စည်းစိမ်ခံစ ားရန်ရည်ရွယ်၍ လှူသောအလှူမျိုး
(ဝဋ္ဋနိဿိတဒါန)

၂။ ဝဋ္ဋဒုက္ခမှလွတ်မြောက်ရာ မဂ်ဖိုလ်နိဗ္ဗာန်ကိုရည်မှန်း၍ ပြုလုပ်သောဒါန (ဝိဝဋ္ဋနိဿိတဒါန)

(ဇောတိကဝတ္ထု၌ကြုံရည်လှူသော သူကြွယ်ညီနောင်နှစ်ပါး၏ ဆုတောင်းပုံကွာခြားချက်ကို သက်သာစာစဉ်၂တွင် ကြည့်ရှုကြပါကုန်)

WWW.DHAMMARANSI.COM

## မှတ်သားဖွယ်ရာကျမ်းတော်လာ

# အလှူနှစ်မျိုး

၁။ ကွေ့စည်းမျိုးစုံ၊ တမျိုးစီသော်၎င်း၊ တမျိုးမျိုးသော်၎င်း လှူဒါန်းခြင်း။ (အာမိသဒါန)

၂။ တရားတော်နှင့်ပတ်သက်၍စာအုပ်များ၊ ပေစာများလှူဒါန်းခြင်း တရားတော်နှင့်ပတ်သက်သောအကြောင်းအရာများ၊ တရားတော်များကိုဟောပြောခြင်း၊ တရားတော်ကို နာကြားခြင်း၊ တရားအားထုတ်ခြင်း၊ တရားစာကိုဖတ်ရှု သင်ယူမှတ်သားပြီး၊ ဟောပြောခြင်း၊ တဖန်ပို့ချခြင်း။

294.3092, 2-32
A1MMGB015089

WWW.DHAMMARANSI.COM